မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်၊ ၂၀၁၀ ခုနှစ်၊ ဖေဖော်ဝါရီ ၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၉)၊ အမှတ်(၁၂၆)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်

ရောဝတီတံတား (ပခုက္ကူ) တည်ဆောက်ရေးလုပ်ငန်း သတ်မှတ်ချိန်ပြီးစီးရန် ဆောက်လုပ်ရေးနှင့် လုပ်ငန်းသုံးပစ္စည်းများ အချိန်မီရောက်ရှိရေးမှာကြား

နေပြည်တော် ဖေဖော်ဝါရီ ၂

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၁ရက် မွန်းလွဲ ၂နာရီ ၁၅မိနစ်တွင် တပ်မတော်ရဟတ်ယာဉ်များဖြင့် နေပြည်တော်မှ ထွက်ခွာလာရာ ပခုက္ကူမြို့ နယ်မြေခံတပ်မဌာနချုပ်သို့ ညနေ ၃နာရီခွဲတွင် ရောက်ရှိသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

ရောဝတီတံတား(ပခုက္ကူ)သည် ပင်မတံတားအရှည် ၁၁၄၃၁ပေ ရှိပြီး ကားလမ်းတံတားအရှည်စုစုပေါင်း ၁၄၁၈၁ ပေရှိ၊ နှစ်လမ်းသွား ကားလမ်းအကျယ် ၂၈ပေနှင့် ရထားလမ်းအကျယ် ၁၄ပေရှိပြီး လူသွားလမ်းအကျယ် တစ်ဖက် ၃ပေ ၃လက်မစီပါရှိ၊ တံတားအမျိုးအစားမှာ သံကူကွန်ကရစ် သံမဏိသံပေါင်တံတားဖြစ်ပြီး ခွင့်ပြုယာဉ်ဝန်အလေးချိန် တန် ၆၀။

ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆောက်လုပ်ခဲ့သော မြစ်ကူးတံတားများအနက် ယခု တည်ဆောက်နေသည့် ရောဝတီတံတား(ပခုက္ကူ) သည် စုစုပေါင်းအရှည် ၂၀၉၃၁ပေ ခန့်ရှိသည့် မြန်မာနိုင်ငံ၏ အရှည်ဆုံးတံတားကြီးဖြစ်၏။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ရောဝတီတံတား(ပခုက္ကူ) တည်ဆောက်ရေးစီမံကိန်း ပခုက္ကူဘက်ကမ်း လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပခုက္ကူမြို့၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၃ ရက်)

ရာသီဥတုနှင့်အညီ ပြည်သူများ ပြုမူကျင့်ကြံနေထိုင် စားသောက်သုံး

ကျန်းမာခြင်းသည် လာဘ်တစ်ပါးဖြစ်သည်။ ကျန်းမာနေလျှင် လူတိုင်းသည် စိတ်၏ပျော်ရွှင်မှုကို အလိုအလျောက်ဖြစ်စေသည်။ ကျန်းမာခြင်းသည် လူတို့အတွက် တန်ဖိုးအထားရဆုံးသော ရလဒ်ဖြစ်သည်။

ယခုအချိန်ကာလသည် ဒေသအချို့တွင် အေးသောကာလမှ ပူပြင်းသောကာလသို့ ကူးပြောင်းလာပြီဖြစ်၍ လူတိုင်းသည် ကျန်းမာရေးကို အထူးဂရုပြုပြီး နေထိုင်စားသောက်မှုကို ပြုကျင့်ကြရမည်ဖြစ်သည်။

ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကာကွယ်ရေးသည် ထိရောက်သော အကျိုးသက်ရောက်မှုရှိသည်။ တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ ဖြစ်ထွန်းလာစေရန် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ကြရမည်ဖြစ်သည်။

ရာသီဥတု ပူပြင်းသောအချိန်တွင် မိမိ၏ကိုယ်ခန္ဓာကို အထူးဂရုစိုက်၍ ဝတ်စားဆင်ယင်ကြရမည်ဖြစ်သည်။ အပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးနိုင်သည်။ ပင်ပန်းနွမ်းနယ်ပြီး မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်များခြင်းတို့ ဖြစ်တတ်ပြီး သတိလစ်ခြင်းတို့ ဖြစ်တတ်ပေသည်။

အပူဒဏ်ကို ကာကွယ်နိုင်ရန်အတွက် ပြင်ပသို့ထွက်သည့်အခါ ထီး၊ ဦးထုပ်များ ဆောင်းရမည်ဖြစ်ပြီး ခန္ဓာကိုယ် သက်သောင့်သက်သာဖြစ်စေမည့် ဝတ်စားဆင်ယင်မှုမျိုးကိုသာ ဝတ်စားကြရမည်ဖြစ်သည်။

ဆီးချို၊ သွေးချို၊ နှလုံးရောဂါ၊ သွေးတိုးရောဂါရှိသူများ၊ ကလေးသူငယ်များသည် အပူချိန်များသည့် နေ့ခင်းအချိန်ကာလတွင် အရိပ်ကောင်းသော၊ လေကောင်းလေသန့်ရရှိသောနေရာများတွင် နားနေကြရမည်ဖြစ်သည်။

ပူပြင်းသည့်အချိန်ကာလတွင် သွေးတိုးစေမည့် အစားအစာများ၊ ဝမ်းသွားစေမည့် အစားအစာများကို ရှောင်ကြဉ်ကြရမည်ဖြစ်သည်။

လူတိုင်းသည် ကျန်းမာရေးကို အလေးအနက်ထား ဂရုတစိုက်နေထိုင်ရန်လိုအပ်ပြီး ရာသီအကူးအပြောင်းကာလ၌ ရာသီဥတုနှင့်အညီ လိုက်လျောညီထွေ နေထိုင်စားသောက်ကြရမည်ဖြစ်သည်။

ပြည်သူများ၏ ကျန်းမာကြံ့ခိုင်မှု ရည်မှန်းချက်နှစ်ရပ်ဖြစ်သည့် လူတိုင်းသက်တမ်းစေ့ အသက်ရှင်နေထိုင်ရေးနှင့် ရောဂါဘယကင်းဝေးရန်အတွက် လူတိုင်းသည် ကျန်းမာရေးအသိနှင့် ပြုမူနေထိုင်ကြမှသာလျှင် ကျန်းမာသောလူမှုဘဝကို ရရှိခံစားနိုင်ကြမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နေပြည်တော် မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(ကြာသပတေးနေ့-နံနက်+နေ့လယ်+ည)

၄-၂-၂၀၁၀

၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇:၀၅ တရားတော် **(မေတ္တာသုတ်+ခန္ဓသုတ်)**မွေ့ပူဇာတေးပဒေသာ
၇:၂၀ (၃၈)ဖြာမင်္ဂလာ
၇:၃၅ နံနက်ခင်းတေးပဒေသာ
၈:၀၀ စံတော်ချိန် + သတင်း ဆောင်းပါး
၈:၁၀ နံနက်ခင်းတေးပဒေသာ
၈:၂၀ လောကနီတိ အသိရှိစေဖို့ (လူမိုက်)
၈:၃၅ တေးပဒေသာ
၉:၀၀ အစီအစဉ်ပြီး၏။
၁၀:၀၀ မင်္ဂလာလက်ဆောင်
၁၀:၂၀ သတင်းစာအာဘော်
၁၀:၃၅ တေးပဒေသာ
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁:၂၅ ဖျော်ဖြေသီကြွေးသူ့အလှည့်တေး (ဖိုးကာ)
၁၁:၄၅ သိပ္ပံပညာ သိကောင်းစရာ **ယင်ကောင်စက်ရုပ်** အပိုင်း(၂)
၁၁:၅၅ တေးသီချင်း
၁၂:၀၀ စံတော်ချိန်/ဓာနည်စစ်သည် တေးပန်းချီ
၁၂:၂၀ ယဉ်ကျေးမှု အနုပညာ (အလှသတင်းမွေးတဲ့ မြန်မာ့ အင်းလေး)
၁၂:၃၀ Music Talk (9) တေးပဒေသာ
၁၃:၀၀ မွန်းလွဲပိုင်းသတင်း
၁၃:၁၀ တေးပဒေသာ
၁၃:၃၀ အစီအစဉ်ပြီး၏။
၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၂၀ ဆောင်းပါး
၁၆:၃၀ ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ (စိတ်ကြိုက်မြန်မာစာ) အမှတ်တရတေးလက်ဆောင်
၁၇:၁၀ ဘဝတစ်ကွေ့ အတွေ့အကြုံ (ဩော်…အချစ်)
၁၇:၂၅ သတင်းစာဆောင်းပါး
၁၇:၃၀ ဖွံ့ဖြိုးဝေစည်တို့မြန်ပြည်(ကချင်) ရေဒီယိုဇာတ်လမ်းတွဲများ (ပြာလွင်ကမ္ဘာ-အခရာ-အပိုင်း-၁)
၁၈:၀၀ ညနေခင်းသတင်း
၁၈:၁၀ ညနေခင်းတေးပဒေသာ
၁၈:၂၅ ကျေးလက်ဇာတ်လမ်း (သည်မြေ သည်ရေ)
၁၈:၄၀ တေးပဒေသာ
၁၉:၀၀ နိုင်ငံတကာသတင်း
၁၉:၀၅ ညချမ်းချိန်ခါ တေးပဒေသာ နိုင်ငံရေးဦးတည်ချက်
၁၉:၃၀ သုတစုံကြွယ် သိစေဖွယ် **ကမ္ဘာ့ထူးခြားမှတ်တမ်းများ** အပိုင်း(၂)
၁၉:၄၀ ရေဒီယိုအတိတ်တေးအရိပ်
၂၀:၀၀ ပြည်တွင်းသတင်း
၂၀:၂၀ ချမ်းမြေ့သာယာသီရိဂေဟာ (မိုးမိုးနဲ့ ဖြူသီမျိုးလွင်တို့ ဇနီးမောင်နှံ)
၂၀:၅၀ တေးသံစုံ-အေဝမ်းခင်မောင်နှင့်အဖွဲ့ စီးပွားရေးဦးတည်ချက်
၂၁:၀၀ ဆောင်းပါး (မိမိသိမှုနှင့် ကမ္ဘာကြီးဖြစ်တည်မှု)
၂၁:၁၅ ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၂:၀၀ အစီအစဉ်ပြီး၏။

ဝန်ကြီး ဦးအောင်သောင်း စက်ပန်းထိုးထည်အလုပ်ရုံစစ်ဆေး အရည်အသွေးကောင်းပြီး ဆန်းသစ်သောအထည်များ ထုတ်လုပ်ရန်မှာကြား

နေပြည်တော် ဖေဖော်ဝါရီ ၂

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဇန်နဝါရီ ၃၀ ရက် မွန်းလွဲ ၂ နာရီတွင် မိတ္ထီလာမြို့ ဝင်းသူဇာအရောင်းဆိုင်၌ အမှတ်(၁)စက်မှုဝန်ကြီးဌာနက ထုတ်လုပ်သော ဆေးနှင့်ဆေးပစ္စည်း၊ စားသောက်ကုန်၊ အဝတ်အထည်၊ အထွေထွေလူသုံးကုန်နှင့် စက်ပစ္စည်းများ ရောင်းချနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် ဇန်နဝါရီ ၃၁ရက် မွန်းလွဲပိုင်းတွင် မြန်မာ့အထည်အလိပ်လုပ်ငန်း စွပ်ကျယ်စက်ရုံ(တောင်သာ) **(အပေါ်ပုံ)**၊ စက်ပန်းထိုး ထည်အလုပ်ရုံနှင့် အချောကိုင်အလုပ်ရုံတို့၏ လုပ်ငန်းဆောင်ရွက်နေမှုများ၊ စက်ပစ္စည်းများ နှင့် ထုတ်ကုန်ပစ္စည်းများ အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး အရည်အသွေးကောင်းမွန်၍ ခေတ်မီဆန်းသစ် လှပသော အဝတ်အထည်များအဖြစ် တိုးတက်ထုတ်လုပ်ကြရန် မှာကြားသည်။

ထို့မှတစ်ဆင့် ဝန်ကြီးသည် ဝင်းသူဇာအရောင်းဆိုင်(တောင်သာ)သို့ ရောက်ရှိပြီး ပြည်တွင်းဖြစ်ထုတ်ကုန်ပစ္စည်းများ ရောင်းချမှုကို ကြည့်ရှုစစ်ဆေး၍ ရောင်းကုန်ပစ္စည်း ပြတ်လပ်မှုမရှိစေရေး ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာပေဗိမာန် စာအုပ်အသင်း စာအုပ်ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်စာအုပ်အသင်းက ၂၀၀၇ခုနှစ် စာပေဗိမာန်စာမူဆု မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာစာပေ ပထမဆုရ မအေးချမ်း(မြန်မာစာ) ရေးသားသည့် မြန်မာ့သဘင်မှုအနုပညာနှင့် အသုံးတွင်စကားများ စာအုပ်ကို စာအုပ်အသင်း၏ (၅၆)အုပ်မြောက် စာအုပ်အဖြစ် စာအုပ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိသည်။

ပေးပို့

ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ် ၅၂၉/၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်း၌ ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိသည်။

ဆက်သွယ်နိုင်

စာပေဗိမာန်စာအုပ်အသင်း ဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန်စာအုပ်အသင်း အမှတ် ၅၂၉/၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အလုံမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီအစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂

ရန်ကုန်တိုင်း အလုံမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီအစည်းအဝေး ရွေးချယ်တင်မြှောက်ပွဲနှင့် စာနယ်ဇင်းများလှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၃၁ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးဝင်းမြင့်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့မှ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးအောင်သိန်းဝင်း(မောင်ခိုင်ခန့်)နှင့် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်အတွင်းရှိ စာကြည့်တိုက်များအတွက် စာနယ်ဇင်းများကို ဥက္ကဋ္ဌ ဒေါ်ချိုချိုသန်း(ချိုမြနွယ်)နှင့် ဒုတိယဥက္ကဋ္ဌ ဦးထွန်းရည်(မြို့တော်ထွန်းရည်)တို့က လှူဒါန်းကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးဝင်းမြင့်က အမှာစကားပြောကြားသည်။

ရွေးချယ်

ထို့နောက် ရွေးချယ်တင်မြှောက်ပွဲကျင်းပရာ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ချိုချိုသန်း(ချိုမြနွယ်)၊ ဒုတိယဥက္ကဋ္ဌဦးထွန်းရည်(မြို့တော်ထွန်းရည်)နှင့် အတွင်းရေးမှူး ဦးတင်အောင်ဝင်း(မင်းခေါင်အောင်အောင်)အပါအဝင် အလုပ်အမှုဆောင် အဖွဲ့ဝင်ခုနစ်ဦးကို ရွေးချယ်တင်မြှောက်ကြသည်။ ညီလာခံကိုယ်စားလှယ်အဖြစ် နာယကဦးလှဌေး(ရဲဘော်လှဌေး)၊ ဥက္ကဋ္ဌ ဒေါ်ချိုချိုသန်း(ချိုမြနွယ်)တို့အား ရွေးချယ်ကြသည်။ ***(မြန်မာ့အလင်း)***

ချောင်းဆုံမြို့နယ်၌ ပညာတံခွန်စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲကျင်းပ

ချောင်းဆုံ ဖေဖော်ဝါရီ ၂

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ကုလားဘီကျေးရွာ၌ ပညာတံခွန် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၈ ရက်က အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ပညာတံခွန်စာကြည့်တိုက် အဆောက်အအုံသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်မြင့်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းနွယ်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။ ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်မြင့်က အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းနွယ်က စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် စာပေ၏ အကျိုးကျေးဇူးများကို လည်းကောင်း၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးကိုက စာကြည့်တိုက် အဆောက်အအုံ ဖြစ်ပေါ်လာပုံများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆောက်လုပ်ခဲ့

အဆိုပါ စာကြည့်တိုက်သည် အလျား ၃၃ပေ၊ အနံ ၁၇ပေ၊ အမြင့်၁၁ပေ သွပ်မိုး၊ အုတ်ကာ၊ကွန်ကရစ်ခင်းဖြင့် ဆောက်လုပ်ထားပြီး အဆောက်အအုံတန်ဖိုး ငွေကျပ် ၃၅သိန်းကျော် အကုန်အကျခံ ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**

ပညာတံခွန်စာကြည့်တိုက် အဆောက်အအုံသစ်ကို ချောင်းဆုံမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်မြင့်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းနွယ်၊ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

အောင်ပွဲရအားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ပွဲ
တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် တက်ရောက်ချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၂

၂၀၀၉ခုနှစ် ပြည်နယ်နှင့်တိုင်းအားကစားပြိုင်ပွဲများ၌ အောင်ပွဲရ အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁ရက် ညနေပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်ဝင်းမြင့် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ပေးအပ်ချီးမြှင့်

အစီအစဉ်အရ အောင်ပွဲရ အားကစားအသင်းများက တံခွန်စိုက်ဒိုင်းဆုများကို အပ်နှံကြရာ တိုင်းမှူးက လက်ခံပြီး ဂုဏ်ပြုဆုငွေများ ပြန်လည်ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းမှူးက ဂုဏ်ပြုအမှာစကားပြောကြားပြီး တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့် အားကစားသမားများအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံကာ အားကစားသမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တံခွန်စိုက် ဒိုင်းဆု

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်ထံ ၂၀၀၉ခုနှစ် ပြည်နယ်နှင့်တိုင်းအားကစားပြိုင်ပွဲများ၌ အောင်ပွဲရ အားကစားအသင်းများက တံခွန်စိုက်ဒိုင်းဆုများကို ပြန်လည်အပ်နှံစဉ်။ (သတင်းစဉ်)

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ (၆)၊ အမှတ် (၅)တွင် Political Times အထူးအချပ်ပိုအပါအဝင် ထုတ်ဝေသူနှင့် ဖြန့်ချိသူ အပြန်အလှန်နားလည်တန်ဖိုးထားမှ စာအုပ်လောကကောင်းစားမည် မျက်နှာဖုံးသုံးသပ်ဆောင်းပါး၊ ခေတ်ဟောင်း သတင်းစာများကပြောသော ပြည်တွင်းနိုင်ငံရေးပုံရိပ်များ ဝေဝေဆာဆာဖြင့် ထွက်ရှိနေပြီဖြစ်သည်။

ယင်းအပြင် ဆရာမောင်စူးစမ်း၏ နိုင်ငံရေးဖြစ်စဉ်သစ် ပေါင်းစပ်ပုံလောင်းခြင်း၊ ဆရာကြီးသခင်တင်မြ၏ ဒီမိုကရေစီအရင်လား သို့မဟုတ် စီးပွားရေးစနစ်က အရင်လား စသည့် နိုင်ငံရေးအတွေးအမြင်ဆောင်းပါးများ၊ မြန်မာ-တရုတ်နယ်စပ်ဗန်းမော်မှ လွယ်ဂျယ်အထိ ကားလမ်း တရုတ်ပြုပြင်ဖောက်လုပ်မည်၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် အီးယူထံမှ ကန်ဒေါ်လာလေးသန်းရဖွယ်ရှိ၊ ချင်းတွင်းမြစ်သဘာဝဝန်းကျင်ယိုယွင်းမှုဒဏ် ပိုမိုခံစားနေရ၊ မြန်မာ့ပထမဆုံး လက်ကားဈေးကွက် ရွှေ့ပင်းမောလ်ကြီး တည်ထောင်မည်၊ နိုင်ငံတကာရေနံဈေးကျဆင်းသဖြင့် ပြည်တွင်းဈေးပါကျဆင်း၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ တရားပွဲများနှင့်အပြောင်းအလဲ၊ အချစ်ဆိုတာကို ခံစားဖူးပါတယ်၊ အခုချိန်မှာတော့ ရဲရဲကြီးမခံစားရဲဘူး လှအဉ္ဇလီတင့်နှင့် လိုတိုဗျူး စသည့် ဖျော်ဖြေရေးကဏ္ဍ အပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

လူဦးရေများပြားခြင်းထက် အရည်အချင်းပြည့်စုံခြင်းသည်သာ စီးပွားရေးကြီးထွားမှုအတွက် အင်အားဖြစ်ဟုဆို၊ အင်တာနက်သုံးစွဲမှု ကန့်သတ်ချုပ်ချယ်ထားသည်ဟု အမေရိကန်၏ စွပ်စွဲချက်အပေါ် တရုတ်ပြောဆို၊ အထိုင်များသူတွေ သတိထား အသက်သေဆုံးနိုင်သည်အထိ အန္တရာယ်များ၊ လန်ဒန်တွင် လူငယ်များအုပ်စုဖွဲ့ကာ အကြမ်းဖက်ကျူးလွန်မှုများကို အထူးစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းနှိမ်နင်းမှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ ပြောရဦးမယ် သူတို့က ဒီလိုတဲ့၊ ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာဖော်ပြပါရှိသည်။ **(သတင်းစဉ်)**

တတိယအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ
အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂

၂၀၀၉ ခုနှစ် တတိယအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ ညနေ ၃နာရီခွဲတွင် နေပြည်တော်ဘော်လီဘောအားကစားပြိုင်ကွင်း၌ ကျင်းပရာ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် မိသားစုများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အနိုင်ရဗိုလ်စွဲ

ဗိုလ်လုပွဲတွင် အားကစားဝန်ကြီးဌာနအသင်းနှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းက သုံးပွဲ- ပွဲမရှိဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။ ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းက တတိယဆုရ ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ ဒုတိယဆုရ အားကစားဝန်ကြီးဌာနအသင်းနှင့် ပထမဆုရ အမှတ်(၁)စက်မှုဝန်ကြီးဌာနအသင်းတို့အား တစ်ဦးချင်း ဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က အကောင်းဆုံးစပေးဘောဆု၊ ပင့်ထောင်ဆု၊ ရိုက်ခုတ်ဆု၊ ပိတ်ဆို့ဆု၊ ခုခံဆယ်မဆုနှင့် အကောင်းဆုံးအားကစားသမားဆု ရရှိကြသူများအား ဆုများနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက စတုတ္ထဆုရ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းအား ငွေကျပ်တစ်သိန်း၊ တတိယဆုရ ပြည်ထဲရေးဝန်ကြီးဌာနအသင်းအား ငွေကျပ်နှစ်သိန်း၊ ဒုတိယဆုရ အားကစားဝန်ကြီးဌာနအသင်းအား ငွေကျပ်သုံးသိန်း၊ ပထမဆုရ အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းအား ငွေကျပ်ငါးသိန်းနှင့် ဝန်ကြီးဌာနမှ ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၂၀တို့ကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အနိုင်ရဗိုလ်စွဲသွားသော အမှတ်(၁)စက်မှုဝန်ကြီးဌာန အသင်းအား ပင်မဒိုင်းဆုကြီးနှင့် ဆင့်ပွားဒိုင်းကိုပေးအပ်ချီးမြှင့်**(အပေါ်ဝဲပုံ)**လိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့
ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပသည့်ဝန်ကြီးများအဆင့် ညီလာခံမှ ပြန်လည်ရောက်ရှိ
ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ ညီလာခံတက်ရောက်ခဲ့

နေပြည်တော် ဖေဖော်ဝါရီ ၂

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၂၇ရက်မှ ၂၉ ရက်အထိ ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့ ဆိုဖီတယ်ဟိုတယ်၌ကျင်းပသည့် ဒုတိယအကြိမ်မြောက် အရှေ့အာရှနိုင်ငံများ၏ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ ဝန်ကြီးများအဆင့် ညီလာခံ (Second East Asia Ministerial Conference on Snitation and Hygiene) သို့ တက်ရောက်ခဲ့သည်။ (အောက်ပုံ)

ကြိုဆိုနှုတ်ခွန်းဆက်

ညီလာခံဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၇ရက် နံနက်၉နာရီက ကျင်းပရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ ဒုတိယသမ္မတ H.E. HeHon Nolide Castro က အဖွင့်မိန့်ခွန်းပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယအတွင်းဝန် Mario Villaverde က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ညီလာခံသို့ အရှေ့အာရှနိုင်ငံများဖြစ်သော အင်ဒိုနီးရှား၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ မလေးရှား၊ မွန်ဂိုလီးယား၊ တရုတ်၊ တီမောလက်(စ်)တေ၊ ထိုင်း၊ စင်ကာပူနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကျန်းမာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။ ဖွင့်ပွဲအခမ်းအနားအပြီးတွင် အဖွဲ့ခေါင်းဆောင်များ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်

ဆက်လက်၍ ဒုတိယသမ္မတက အရှေ့အာရှနိုင်ငံများ၏ ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းမှု ဆိုင်ရာ မှတ်တမ်းဓာတ်ပုံများ၊ ပိုစတာများ၊ စာအုပ်စာတမ်းများ ပြခန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

မြန်မာနိုင်ငံ၏ ပြခန်း၌ ပတ်ဝန်းကျင် သန့်ရှင်းမှုနှင့် တစ်ကိုယ်ရေသန့်ရှင်းမှု ပိုစတာများ၊ လက်ကမ်းစာစောင်များ၊ ကျန်းမာရေး ပညာပေးစာစောင်များကို

ပြသခဲ့ရာ ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးက ဖိလစ်ပိုင်ဒုတိယသမ္မတအား ရှင်းလင်းပြသသည်။

ညီလာခံ ဒုတိယနေ့ကို ဇန်နဝါရီ ၂၈ရက် နံနက်ပိုင်းတွင် ဆက်လက် ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးက ဆွေးနွေးပြောကြားပြီး အစည်းအဝေး တက်ရောက်လာကြသော နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များကလည်း မိမိတို့နိုင်ငံများ၏ ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းမှုဆိုင်ရာများကို တင်ပြဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ကျင်းပသည့် ဝန်ကြီးအဆင့် Ministerial Round Table Disscussion ၌ အရှေ့အာရှနိုင်ငံများ အချင်းချင်း ပတ်ဝန်းကျင်သန့်ရှင်းမှုနှင့် တစ်ကိုယ်ရေ သန့်ရှင်းမှုဆိုင်ရာ လုပ်ငန်းများ၊ နည်းပညာများ ပူးပေါင်းဆောင်ရွက်ရေးအတွက် အစီအမံများ ချမှတ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၀ခုနှစ် ပတ်ဝန်းကျင် သန့်ရှင်းမှုနှင့် တစ်ကိုယ်ရေ သန့်ရှင်းမှုဆိုင်ရာ မနီလာကြေညာစာတမ်း(မူကြမ်း) (Manila Declaration Draft)ကို အတည်ပြုကြသည်။

လွှဲပြောင်းပေးအပ်

ဇန်နဝါရီ ၂၉ရက် မွန်းလွဲပိုင်းတွင် ညီလာခံပိတ်ပွဲ အခမ်းအနားကျင်းပရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယအတွင်းဝန်က အမှာစကားပြောကြားပြီး ၂၀၁၂ခုနှစ်တွင် တတိယအကြိမ် ညီလာခံကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် အင်ဒိုနီးရှားသမ္မတနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်ထံ အထိမ်းအမှတ်အလံကို လွှဲပြောင်းပေးအပ်သည်။

မြန်မာကိုယ်စားလှယ် အဖွဲ့သည် ဇန်နဝါရီ ၃၀ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လည် ရောက်ရှိကြပြီး ဒုတိယဝန်ကြီးနှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါသွားကြသည့် ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာမောင်မောင်တိုးနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးငွေဝင်းတို့လည်း ပြန်လည်လိုက်ပါလာကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

KSS SPECIAL MENU 2010 မိတ်ဆက်ပွဲနှင့် ကံထူးရှင်ရွေးချယ်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂

KSS Group of Companies က ကြီးမှူး၍ Special Menu 2010 မိတ်ဆက်ပွဲနှင့် ကံထူးရှင်ရွေးချယ်ပွဲကို ဇန်နဝါရီ ၃၀ရက် ညနေ ၆နာရီတွင် ရန်ကုန် ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် KSS Trading & Menufacturing Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးထွန်းမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ၂၀၁၀ခုနှစ်အတွက်New Special Food Menuများဖြစ်သည့် နို့စိမ်းနတ်သုဒ္ဓါ အစိမ်းပေါင်း ကြက်သားဒံပေါက်နှင့်ဆိတ်သားဒံပေါက်၊ နို့စိမ်းနတ်သုဒ္ဓါ ထောပတ်ထမင်း ကြက်သားဟင်းနှင့် ဆိတ်သားဟင်း၊ နို့စိမ်းနတ်သုဒ္ဓါ ပဲထောပတ်ထမင်း ကြက်သားဟင်းနှင့် ဆိတ်သားဟင်း၊ နို့စိမ်းနတ်သုဒ္ဓါ သက်သတ်လွတ် သီးစုံ ဒံပေါက် အကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် KSS နတ်သုဒ္ဓါဒံပေါက် ကံထူးရှင် ခြောက်ဦးတို့အားရွေးချယ်၍ ချောင်းသာအပန်းဖြေခရီး ပို့ဆောင်မည့် အစီအစဉ်ကို ကျင်းပရာ KSS Trading & Manufacturing Co., Ltd. မန်နေဂျင်း ဒါရိုက်တာ ဦးထွန်းမြင့်၊ ဒါရိုက်တာ ဒေါ်အေးအေးညွန့်နှင့် ဧည့်သည်များက ကံစမ်းမဲများ နှိုက်၍ ကံထူးရှင်များအား ရွေးချယ်ပေးကြသည်။

KSS Trading & Manufacturing Co., Ltd. သည် International Quality Crown Award 2005 (London) ဆုကိုလည်းကောင်း၊ 25th Golden Europe Award for Quality New Millennium Award 2010 (Paris) ဆုကိုလည်းကောင်း၊ QC 100 Certified Company ဆုကိုလည်းကောင်း ရရှိထားပြီး အရည်အသွေးပြည့်မီ၍ အာဟာရရှိ သန့်ရှင်းလတ်ဆတ်သည့် စားသောက်ဖွယ်ရာများကို အစဉ်ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

KSS Group of Companies က ကြီးမှူး၍ Special Menu 2010 မိတ်ဆက်ပွဲနှင့် ကံထူးရှင် ရွေးချယ်ပွဲတွင် Trading & Manufacturing Co., Ltd. မန်နေဂျင်း ဒါရိုက်တာ ဦးထွန်းမြင့်နှင့် ဒါရိုက်တာ ဒေါ်အေးအေးညွန့်တို့က ကံထူးရှင်များကို ရွေးချယ်ပေးကြစဉ်။ (သတင်းစဉ်)

အစ္စရေးနှင့်ချုပ်ဆိုသည့် စာချုပ်များဖျက်သိမ်းရန် ဂျော်ဒန်အစိုးရကိုတောင်းဆို

အမ္မန် ဖေဖော်ဝါရီ ၂

ဂျော်ဒန်အစိုးရအနေဖြင့် အစ္စရေးနှင့်ချုပ်ဆိုထားသည့် ငြိမ်းချမ်းရေးစာချုပ်ကို ဖျက်သိမ်းရန် ပုံမှန်ဂျော်ဒန်ထိပ်တန်းကော်မတီတစ်ရပ်က တောင်းဆိုလိုက်သည်။ ယင်းကော်မတီသည် အတိုက်အခံပါတီများနှင့် ပညာရှင်များဖြင့် စုစည်းထားသည့်အဖွဲ့ဖြစ်သည်။

တိုက်တွန်း

အစ္စရေးနှင့် ငြိမ်းချမ်းရေးစာချုပ်ချုပ်ဆိုထားသည့် ဂျော်ဒန်အစိုးရနှင့် အခြားအာရပ်နိုင်ငံများအနေဖြင့် ယင်းစာချုပ်များကို ဖျက်သိမ်းပစ်ရန် မိမိတို့တိုက်တွန်းတောင်းဆိုသည်ဟု အမိမြေကာကွယ်ရေးနှင့် ပုံမှန်ဆက်ဆံရေးဆန့်ကျင်မှု ဂျော်ဒန်အဆင့်မြင့် အမှုဆောင်ကော်မတီကထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။ အစ္စရေးနှင့် ပုံမှန်ဆက်ဆံခြင်းဖြင့် ယင်း၏ နယ်မြေသိမ်းပိုက်မှုကို တရားဝင်ပြုလုပ်ပေးရာရောက်သည်ဟု ကြေညာချက်တွင်ပါရှိသည်။ **(အင်တာနက်)**

မာလာဝီသမ္မတမူသာရီကာ အေယူဥက္ကဋ္ဌသစ်နေရာကို ဆက်ခံ

အဒစ္စအဘာဘာ ဖေဖော်ဝါရီ ၂

မာလာဝီသမ္မတ ဘင်ဂူဝါမူသာရီကာသည် အာဖရိကသမဂ္ဂ(အေယူ)ဥက္ကဋ္ဌသစ်အဖြစ် လစ်ဗျားခေါင်းဆောင် မွမ်မာကဒါဖီ၏နေရာကို ဆက်ခံလိုက်ပြီဖြစ်သည်။

ကဒါဖီသည် အေယူဥက္ကဋ္ဌအဖြစ် လွန်ခဲ့သည့်နှစ်က အရွေးခံရပြီးနောက်ပိုင်းတွင် ဒုတိယအကြိမ် အရွေးခံရန် ကြိုးပမ်းခဲ့သည်။

ဆန့်ကျင်ကန့်ကွက်

ကဒါဖီကို အေယူဥက္ကဋ္ဌအဖြစ် ဆက်လက်တင်မြှောက်လျှင် အာဖရိကန်ပြည်ထောင်စု နိုင်ငံထူထောင်ရေး ကဒါဖီ၏အစီအစဉ်သည် အေယူအဖွဲ့ဝင်နိုင်ငံများ၏ အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုကို အန္တရာယ်ပြုလာဖွယ်ရှိသည်ဟု ယူဆသဖြင့် အဖွဲ့ဝင်နိုင်ငံများက ဥက္ကဋ္ဌနေရာ အတွက် ကဒါဖီအား ပြင်းပြင်းထန်ထန် ဆန့်ကျင်ကန့်ကွက်ကြသည်။

ရွေးချယ်တင်မြှောက်

အဒစ္စအဘာဘာတွင် ကျင်းပသည့် ထိပ်သီးညီလာခံပထမရက်တွင် မူသာရီကာကို အေယူဥက္ကဋ္ဌသစ်အဖြစ် မဲဖြင့်ရွေးချယ်တင်မြှောက်လိုက်ကြခြင်းဖြစ်သည်။ **(အင်တာနက်)**

လေယာဉ်ခရီးစဉ်ရပ်ဆိုင်းထား

လစ်သူယေးနီးယားနိုင်ငံ ဗီလ်နီးယပ်စ်မြို့ လေဆိပ်၌ ဆီးနှင်းများ ထူထပ်သိပ်သည်းစွာ ကျဆင်းမှုကြောင့် လေယာဉ်ခရီးစဉ်များ ရပ်ဆိုင်းထားရသည်ကို ဖေဖော်ဝါရီ ၁ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

နောက်ပြောင်ခြိမ်းခြောက်မှု တူရကီလေယာဉ် ခရီးစဉ် နှောင့်နှေးခဲ့ရ

အင်ကာရာ ဖေဖော်ဝါရီ ၂

အစ္စတန်ဘူလ်မြို့မှ တူရကီနိုင်ငံအရှေ့ပိုင်း ဗန်မြို့သို့ မောင်းနှင်လာသည့် တူရကီပိုင်ခရီးသည်တင်လေယာဉ်တစ်စင်းသည် ဗုံးဖောက်ခွဲမည်ဟူသော နောက်ပြောင်ခြိမ်းခြောက်မှုခံရပြီးနောက် အင်ကာရာမြို့သို့ အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း အင်တာနက်သတင်းအရ သိရသည်။

နောက်ကျ

ခရီးသည် ၁၅၀နှင့် လေယာဉ်ဝန်ထမ်းများ လိုက်ပါလာသော လေယာဉ်သည် အင်ကာရာမြို့ အီဆင်ဘိုဂါလေဆိပ်တွင် အရေးပေါ်ဆင်းသက်ရာဖွေသည့်အတွက် ဗန်မြို့ ဖာရစ်မီလန် လေဆိပ်သို့ နာရီပေါင်းများစွာ နောက်ကျပြီး ဇန်နဝါရီ ၃၁ရက်တွင် ရောက်ရှိသည်။ **(အင်တာနက်)**

ဖင်လန်နိုင်ငံ ကီမီမြို့မြောက်ပိုင်းရှိ ရေခဲရဲတိုက်သို့ ကမ္ဘာလှည့်ခရီးသွားများ လာရောက်ကြည့်ရှုလေ့လာနေကြသည်ကို ဖေဖော်ဝါရီ ၁ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

ဂါဇာမှ အစ္စရေးတို့လုပ်ရပ် တူရကီဝန်ကြီးချုပ် ပြစ်တင်ဝေဖန်

အင်ကာရာ ဖေဖော်ဝါရီ ၂

တူရကီဝန်ကြီးချုပ် ရီဆက်တေယစ်အာဒိုဂန်က အစ္စရေးတို့၏ ဂါဇာကမ်းမြောင်ဒေသတွင်း လုပ်ဆောင်ချက်များနှင့် ပတ်သက်၍ ပြစ်တင်ဝေဖန်လိုက်သည်။

အပြစ်မဲ့ပြည်သူများ သတ်ဖြတ်ခံရပါက တူရကီနိုင်ငံအနေဖြင့် ရေငုံနှုတ်ပိတ် နေနိုင်မည်မဟုတ်ဟု ပြောကြားကာ ယင်းကဲ့သို့ ပြစ်တင်ဝေဖန်လိုက်ခြင်းဖြစ်သည်။

ပြောကြား

အစ္စရေးတို့သည် ဂါဇာတွင်ဖော့စဖရပ်ဗုံးများကို အသုံးပြုနေကြောင်း၊ အခြေခံအဆောက်အအုံများကို ဖျက်ဆီးနေကြောင်း၊ ပြည်သူများကို လေဟာပြင် အကျဉ်းထောင်တွင် အတင်းအဓမ္မနေခိုင်းကြောင်းဖြင့်လည်း တူရကီဝန်ကြီးချုပ်က ထည့်သွင်းပြောကြားသည်။

သတိထား

မိမိသည် မှန်ကန်သောသစ္စာစကားကို ပြောကြားကြောင်း၊ မှန်ကန်သော သစ္စာစကားကို ဆက်လက်ပြောသွားမည်ဖြစ်ကြောင်း၊ တူရကီသည်နိုင်ငံတစ်နိုင်ငံအဖြစ် နှစ်ကာလကြာမြင့်စွာ ရပ်တည်လာခဲ့သည့် နိုင်ငံဖြစ်ကြောင်း၊ မိမိနိုင်ငံကို ထိုကဲ့သို့သောနိုင်ငံမျိုးဟု ပြောတော့မည်ဆိုလျှင် သတိထား ပြောရမည်ဖြစ်ကြောင်းဖြင့်လည်း တူရကီဝန်ကြီးချုပ်က ဆက်လက်ပြောကြားသည်။ အပြစ်မဲ့ပြည်သူများ အညှာအတာကင်းမဲ့စွာ သတ်ဖြတ်ခံရသည့်အခါတွင်ဖြစ်စေ၊ ဖော့စဖရပ်ဗုံးများဖြင့် ချေမှုန်းခံရသည့်အခါတွင်ဖြစ်စေ၊ အခြေခံအဆောက်အအုံများ ဗုံးကြဲဖျက်ဆီးခံရသည့်အခါတွင် ဖြစ်စေ၊ လဟာပြင်အကျဉ်းထောင်သို့ ပြည်သူများ အပို့ခံရသည့်အခါတွင်ဖြစ်စေ မိမိတို့အနေဖြင့် ထိုလုပ်ရပ်များကို နိုင်ငံတကာလူ့အခွင့်အရေးကြေညာစာတမ်းနှင့် သဟဇာတဖြစ်သည်ဟု မရှုမြင်နိုင်ကြောင်း၊ မိမိတို့အနေဖြင့် ယင်းဖြစ်ရပ်များအားလုံးကို မျက်စိစုံမှိတ် မျက်ကွယ်ပြုမနေနိုင်ကြောင်းဖြင့်လည်း အာဒိုဂန်က ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

တရုတ်နိုင်ငံ ရှန်တုံပြည်နယ်၌ ဟန်ချက်မညီသဖြင့် ထိုးစိုက်တိမ်းမှောက်သွားသည့် ကရိန်းကားကို ဇန်နဝါရီ ၃၁ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

အာဖဂန်၌ ညအချိန်တိုက်ခိုက်မှု အရပ်သားငါးဦးသေဆုံး

ကဘူးလ် ဖေဖော်ဝါရီ ၂

အာဖဂန်နစ္စတန်နိုင်ငံ ဥရုဇ်ဂန်ပြည်နယ်၌ အမေရိကန်တပ်ဖွဲ့က စစ်သွေးကြွများကို ပစ်မှတ်ထား၍ ဇန်နဝါရီ၃၁ရက်က ညအချိန် စစ်ဆင်ရေးဆင်နွှဲမှုအတွင်း ကလေးငယ်တစ်ဦး အပါအဝင် အရပ်သားငါးဦးထက်မနည်း သေဆုံးကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဖော်ပြ

အာဖဂန်နစ္စတန်၌ စစ်မက်ဖြစ်ပွားလျက်ရှိရာ ဒေသတွင်း ပြန်လှန်ပစ်ခတ်သဖြင့် မတော်တဆ ထိခိုက်မှုများရှိနိုင်ကြောင်း အမေရိကန်ဦးဆောင်သောတပ်ဖွဲ့ဝင်များက ပြောကြားသည်ဟု သတင်းတွင် ဖော်ပြသည်။

မျှော်လင့်

အနာဂတ်တွင် ညတိုက်ပွဲများနှင့်စပ်လျဉ်းသည့် ညွှန်ကြားချက်တစ်ရပ်ကို အမေရိကန်နှင့် နေတိုးတပ်ဖွဲ့တပ်မှူးချုပ် ဗိုလ်ချုပ်ကြီးစတန်လီမက်ခရစ္စတယ်က ထုတ်ပြန်ဖွယ်ရှိကြောင်း သိရသည်။ (အင်တာနက်)

ပက်ရှ်ဝါ၌ နေတိုးစက်သုံးဆီတင်ကား တိုက်ခိုက်ခံရ

အစ္စလမ္မာဘတ် ဖေဖော်ဝါရီ ၂

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ပက်ရှ်ဝါမြို့တွင် ဖေဖော်ဝါရီ ၁ရက် နံနက်ပိုင်းက နေတိုး စက်သုံးဆီတင်ကား တိုက်ခိုက်ခံရပြီး မီးလောင်ပျက်စီးသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အမည်မသိ အကြမ်းဖက်သမားနှစ်ဦးက နေတိုးစက်သုံးဆီတင်ကားတစ်စီးကို ပစ်ခတ်ခြင်းဖြစ်ကြောင်း၊ မီးလောင်မှု အကြီးအကျယ်ဖြစ်ပွားခဲ့သော်လည်း ဒေသခံများက ချက်ချင်းငြိမ်းသတ်နိုင်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အကြမ်းဖက်သမားများက ယာဉ်မောင်းနှင့် သူ၏ လက်ထောက်ကို ကားပေါ်မှ ဆင်းခိုင်းပြီးမှသာ ကားကို မီးရှို့ခဲ့ခြင်းဖြစ်သည်ဟု ဒေသခံများက ပြောကြားသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

လေကြောင်းပျံသန်းရေးဆိုင်ရာညီလာခံ စင်ကာပူ၌ကျင်းပ

စင်ကာပူ ဖေဖော်ဝါရီ ၂

မကြာသေးမီနှစ်အတွင်းက ဖြစ်ပျက်ခဲ့သည့် ကမ္ဘာ့စီးပွားရေးအခက်အခဲပြဿနာများမှ သင်ခန်းစာရယူနိုင်ရန်နှင့် အနာဂတ်ကာလ လေကြောင်းကဏ္ဍ ပိုမိုကောင်းမွန်စေရေး နည်းလမ်းများရှာဖွေရန်အတွက် လေကြောင်းပျံသန်းရေးဆိုင်ရာ ညီလာခံကို စင်ကာပူနိုင်ငံတွင် ဖေဖော်ဝါရီ ၁ရက်က ကျင်းပသည်။

ဖြည့်ဆည်းပေး

လက်ရှိလေကြောင်းပျံသန်းမှုနည်းပညာများကို အဆင့်မြင့်တင်ရန်လိုအပ်ကြောင်း၊ ထို့အတူ ခရီးသွားဧည့်သည်များနှင့် သက်ဆိုင်သည့် လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးရမှာဖြစ်ကြောင်း စင်ကာပူခရီးသွားလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ရေမွန်လင်မ်က ပြောကြားသည်။

ညှိနှိုင်းဆောင်ရွက်

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)နှင့် တရုတ်နိုင်ငံတို့အကြား လွတ်လပ်စွာ လေကြောင်းဝန်ဆောင်မှုလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် ညှိနှိုင်းဆောင်ရွက်မှုမှာ ယခုနှစ်ကုန်ပိုင်းတွင်ပြီးစီးမည်ဟု မျှော်လင့်ကြောင်း ရေမွန်လင်မ်က ထပ်လောင်းပြောကြားသည်။

ကျင်းပ

စင်ကာပူလေကြောင်းပြပွဲကိုလည်း ဖေဖော်ဝါရီ ၂ရက်မှ ၇ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း ရေမွန်လင်မ်က ဆက်လက်ပြောကြားသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

ဘင်္ဂလားဒေ့ရှ်၌ မီးလောင်မှု မိသားစုဝင်ငါးဦးသေဆုံး

ဒါကာ ဖေဖော်ဝါရီ ၂

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့ အရှေ့တောင်ပိုင်း ချီတာဂွန်ခရိုင် ဟတ်သာဇာရီဒေသ ခါတာခါလီပူလ်ကျေးရွာအတွင်းရှိ နေအိမ်တစ်လုံး ဖေဖော်ဝါရီ ၁ရက် နံနက်က မီးလောင်သဖြင့် မိသားစုဝင်ငါးဦးသေဆုံးကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ကူးစက်

အဆိုပါနေအိမ်ရှိ မီးဖိုမှ နံနက် ၁နာရီကျော်တွင် စတင်လောင်ကျွမ်းခြင်းဖြစ်ပြီး အနီးရှိနေအိမ်နှစ်လုံးပါ မီးကူးစက်ခဲ့သည်ဟု ဒေသဆိုင်ရာ မီးသတ်တပ်ဖွဲ့သတင်းဌာနက ပြောကြားသည်။

ပျက်စီး

မီးလောင်မှုကြောင့် နေအိမ်သုံးလုံး ပျက်စီးသွားကြောင်းနှင့် အိပ်ပျော်နေသော မိသားစုဝင်ငါးဦး ပွဲချင်းပြီးသေဆုံးကာ နံနက် ၃နာရီ မိနစ် ၅၀တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း မီးသတ်ဌာနက ပြောကြားသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

မီးလောင်မှုဖြစ်ပွား

ပါကစ္စတန်နိုင်ငံ ပက်ရှ်ဝါမြို့၌ နေတိုးစက်သုံးဆီတင်ယာဉ် တိုက်ခိုက်ခံရပြီးနောက် ပေါက်ကွဲမီးလောင်မှုဖြစ်ပွားသည်ကို တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

3-2 (04).pmd 1 2/3/2010, 1:21 AM

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ - စုစည်းရေးသားသည်

ရုရှားနှင့်ဗင်နီဇွဲလား စွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မည်

ရုရှားနှင့် ဗင်နီဇွဲလားနိုင်ငံတို့မှ အဆင့်မြင့်အရာရှိကြီးများသည် စွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် လက်တင်အမေရိကနိုင်ငံတစ်နိုင်ငံဖြစ်သည့် ဗင်နီဇွဲလားသို့ ရုရှားထုတ်ကားတင်ပို့ရေးကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးကြသည်ဟု ရုရှားသတင်းဌာနကဖော်ပြသည်။ ဗင်နီဇွဲလားသို့ ရုရှားကားများတင်ပို့ရေးကိစ္စကိုလည်း သဘောတူညီကြပြီး ငွေကြေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရန်လည်း ထည့်သွင်းဆွေးနွေးကြသည်။

ယာဉ်မောင်းအန္တရာယ်ကင်းရေး ကင်မရာတပ်ဆင်ရန်လို

အငှားကားများတွင် ကင်မရာများ မဖြစ်မနေတပ်ဆင်ရေးကိစ္စနှင့်ပတ်သက်၍ အလုပ်သမားဌာနနှင့် အငှားကားလုပ်ငန်းတို့ကို ကြေညာမည်ဖြစ်ကြောင်း နယူးဇီလန်ပို့ဆောင်ရေးဝန်ကြီး စတီဗင်ဂျိုင်စ်က ပြောကြားသည်။ ယာဉ်မောင်းတစ်ဦး သန်းခေါင်ကျော်အချိန်တွင် အသတ်ခံရပြီးနောက် ယာဉ်မောင်းသမားထိုင်ခုံအောက်တွင် မှတ်တမ်းတင်ကင်မရာများတပ်ဆင်ရန် လိုအပ်လာရာမှ ယင်းကဲ့သို့ ပြောကြားခြင်းဖြစ်သည်။

တရုတ်နှင့် ကုန်သွယ်မှု ဘရာဇီးတိုးမြှင့်မည်

ဘရာဇီးနိုင်ငံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကုန်သွယ်မှုကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ လာမည့်နှစ်များတွင် ယခုထက်ကုန်သွယ်မှု ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဘရာဇီးကုန်သွယ်ရေးအရာရှိတစ်ဦးက ဖေဖော်ဝါရီ ၂ရက်၌ ပြောကြားသည်။ ဘရာဇီးနိုင်ငံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံရေးတို့တွင် တိုးမြှင့်ပြုလုပ်သွားရန် စီစဉ်လျက်ရှိသည်။

ပီရူးသို့ ကမ္ဘာလှည့်ခရီးသည်နှစ်သန်းကျော်လာရောက်ဖွယ်

ပီရူးနိုင်ငံသည် ယခုနှစ်တွင် ကမ္ဘာလှည့်ခရီးသည် ၂ ဒသမ ၂ သန်းလာရောက်မည်ဟု မျှော်လင့်ကြောင်း၊ သို့ရာတွင် နိုင်ငံတောင်ပိုင်း၌ မိုးကြီးပြီး မြေပြိုမှုများကြောင့် ယင်းကဲ့သို့ ကမ္ဘာလှည့်ခရီးသည်များလာအောင် ဆောင်ရွက်ရန် ပီရူးအစိုးရအတွက် မလွယ်ကူလှကြောင်း ပီရူးနိုင်ငံခြားကုန်သွယ်ရေးနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဝန်ကြီး မာတင်ပီရက်ဇ်က ဖေဖော်ဝါရီ ၁ ရက်၌ ပြောကြားသည်။

လဗီမာန်ခရီးစဉ်အဆုံးသတ်ရန် မေတ္တာရပ်ခံ

အမေရိကန်ပြည်ထောင်စုသမ္မတ ဘားရက်အိုဘားမားသည် စံချိန်တင်လောက်အောင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဖ ထရီလီယံ လိုငွေပြနေသည့် ဘတ်ဂျက်ကို ကွန်ဂရက်သို့ ဖေဖော်ဝါရီ ၁ရက်က တင်သွင်းသည်။ ယင်းဘတ်ဂျက်အနေဖြင့် လဗီမာန်သို့ အမေရိကန်တို့ ပြန်သွားရေးအစီအစဉ်ကို အဆုံးသတ်ရန် မေတ္တာရပ်ခံသည်။ မိမိတို့အနေဖြင့် လဗီမာန်သို့သွားရောက်ရေးအစီအစဉ်ကို ဖျက်သိမ်းရန် အဆိုပြုသည်ဟု အမေရိကန်စီမံခန့်ခွဲရေးနှင့် ဘတ်ဂျက်ဆိုင်ရာရုံးညွှန်ကြားရေးမှူး ပီတာအော့ဇက်က ပြောကြားသည်။

ပြည်ပရင်းနှီးမြှုပ်နှံမှုရရှိအောင် မလေးရှားဆောင်ရွက်မည်

မလေးရှားအစိုးရသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုရရှိအောင် ဆွဲဆောင်နိုင်ရန် တိုးမြှင့်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံနေကျ နိုင်ငံများမှ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (အက်ဖ်ဒီအိုင်) ကျဆင်းနေကြောင်း မလေးရှားနိုင်ငံတကာကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး၏ ပြောကြားချက်ကို စတားသတင်းစာတွင် ဖေဖော်ဝါရီ ၂ရက်က ဖော်ပြထားသည်။

ဘရာဇီးနိုင်ငံ၏အဓိကပြဿနာ စစ်တမ်းထုတ်ပြန်

အဂတိလိုက်စားမှု၊ အကြမ်းဖက်မှုနှင့် ရာဇဝတ်မှုတို့သည် ဘရာဇီးနိုင်ငံ၏အဓိက ပြဿနာကြီးများဖြစ်နေသည်ဟု ဘရာဇီးအမျိုးသားပို့ဆောင်ရေးလုပ်ငန်း (စီအင်န်တီ)နှင့် သန်းခေါင်စာရင်းဌာနတို့က ဖေဖော်ဝါရီ ၁ရက်တွင် ထုတ်ပြန်သည့်စစ်တမ်း၌ ဖော်ပြသည်။

ကမ္ဘောဒီးယား၌ ရော်ဘာဈေးနှုန်းမြင့်တက်နေ

ကမ္ဘောဒီးယားနိုင်ငံ၌ ဇန်နဝါရီလတွင် ရော်ဘာဝယ်လိုအားများလာသဖြင့် ရော်ဘာဈေးနှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ၂၀၀အထိ သို့မဟုတ် ခုနစ်ရာခိုင်နှုန်းအထိ မြင့်တက်သွားကြောင်း ကမ္ဘောဒီးယားမီဒီယာက ဖေဖော်ဝါရီ ၂ရက်၌ ဖော်ပြသည်။

ဥဇဘက်သမ္မတ တောင်ကိုရီးယားသို့ သွားမည်

ဥဇဘက်နိုင်ငံသမ္မတ အစ္စလာမ်ကာရီမော့သည် ဥဇဘက်နှင့်တောင်ကိုရီးယားတို့ကြား စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် နိုင်ငံတကာလုံခြုံရေးကိစ္စရပ်များ တိုးမြှင့်ပြုလုပ်သွားနိုင်မည့် နည်းလမ်းများကို ဆွေးနွေးနိုင်ရန် တောင်ကိုရီးယားနိုင်ငံသို့ လာမည့် သီတင်းပတ်တွင် လာရောက်လည်ပတ်လိမ့်မည်ဟု တောင်ကိုရီးယားသမ္မတရုံးက ဖေဖော်ဝါရီ ၂ရက်တွင် သတင်းထုတ်ပြန်သည်။

ဖွံ့ဖြိုးပြီးနိုင်ငံများ ရာသီဥတုဆိုင်ရာငွေကြေးကူညီမှု နှေးကွေး

ဖွံ့ဖြိုးပြီးနိုင်ငံများသည် ကိုပင်ဟေဂင်တွင် ယင်းတို့ပေးခဲ့သည့် ရာသီဥတုဆိုင်ရာ ငွေကြေးကူညီထောက်ပံ့ရေးကတိပြုချက်များကို အပြည့်အဝဖြည့်ဆည်းရန် အလွန်နှေးကွေးနေကြောင်း ရာသီဥတုဆိုင်ရာပညာရှင်တစ်ဦးက ဖေဖော်ဝါရီ ၁ရက်၌ သတင်းထုတ်ပြန်သည်။ *(အင်တာနက်)*

ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြု
ရွှေပြည်သာ၌ ကိုယ့်အားကိုယ်ကိုး တံတားသစ်ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၂

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် အမှတ်(၈)ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် တံတားဖြစ်မြောက်ရေးကော်မတီက တာဝန်ယူပြီး တည်ဆောက်ခဲ့သည့် ကိုယ့်အားကိုယ်ကိုး မေတ္တာပေါင်းကူးတံတားသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၃၀ ရက် နံနက်၉ နာရီက အဆိုပါတံတားသစ်၌ ကျင်းပသည်။

ဖွင့်လှစ်ပေး

ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးညီညီအောင်၊ အမှတ်(၈)ရပ်ကွက် ဥက္ကဋ္ဌဦးသိန်းနိုင်၊ အမှတ်(၂၀)ရပ်ကွက် ဥက္ကဋ္ဌဦးကြည်လွင်နှင့် တံတားဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးကံမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

ယင်းမေတ္တာပေါင်းကူးတံတားသည် အမှတ်(၈)ရပ်ကွက်နှင့် အမှတ်(၂၀)ရပ်ကွက်တို့ကို ဆက်သွယ်ပေးသည့်တံတားဖြစ်ပြီး တံတားအမျိုးအစားမှာ သံကူကွန်ကရစ်တံတားဖြစ်သည်။ တံတားမှာ အကျယ် ရှစ်ပေ၊ အရှည်ပေ၈၀ ရှိပြီး စေတနာရှင်များ ထည့်ဝင်လှူဒါန်းငွေ ကျပ်စုစုပေါင်း ၆၃ သိန်းဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

(မြို့နယ် ပြန်/ဆက်)

သနပ်ပင်မြို့နယ် အတွင်းရှိ မင်းရွာ- ကျောင်းစု- သဘော့ကန် မြို့နယ်ချင်းဆက် ကျေးလက်ဂဝံလမ်းပေါ်၌ ဆောက်လုပ်ထားသော ပေ ၁၁၀ × ၁၁ပေအရှည်ရှိ မေတ္တာပေါင်းကူးတံတား ကွံ့ခိုင်မှုကို ဇန်နဝါရီ ၁၈ရက်က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်ဝေက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မကွေးမြို့၌ ပညာပေးဟောပြော

မကွေး ဖေဖော်ဝါရီ ၂

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဦးစီးမှူးရုံး(မကွေး)မှ မကွေးမြို့နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံ စည်းကမ်းထိန်းသိမ်းရေးကော်မတီရုံး၌ ဇန်နဝါရီ ၂၉ ရက်က မော်တော်ယာဉ်ပိုင်ရှင်များ၊ ဂိတ်တာဝန်ခံများ၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့အား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများလိုက်နာရေးနှင့်စပ်လျဉ်း၍ ဟောပြောပွဲကျင်းပသည်။

ပညာပေးဟောပြော

အခမ်းအနားတွင် တိုင်းဦးစီးမှူး ဦးဌေးဝင်း**(အောက်ပုံ)**နှင့် စစ်ဆေးရေးမှူး ဦးမြဝင်းတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးနှင့် ယာဉ်မတော်တဆမှုပပျောက်ရေး ပညာပေးဟောပြောခဲ့ပြီး အခမ်းအနားသို့ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် စုစုပေါင်း ၆၀ တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

စာကြည့်တိုက်များရှင်သန်ခိုင်မာရေး မင်္ဂလာတောင်ညွန့် ပြန်/ဆက် ကွင်းဆင်းဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၂

မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်း ဖွင့်လှစ်ပြီး ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်သန်ရေး၊ စာအုပ်စာစောင်တိုးပွားရေး၊ ငွေပဒေသာပင်စိုက်ထူရေး၊ ကိုယ်ပိုင်အဆောက်အအုံရရှိရေး၊ စာငှားကတ်စနစ်ကျင့်သုံးရေးတို့အတွက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၈ ရက် နံနက် ၉ နာရီက သာယာကုန်းရပ်ကွက် ရောင်နီဦးစာကြည့်တိုက်၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် သာယာကုန်းရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေဝင်းက စာကြည့်တိုက်ကြီးကြပ်ကော်မတီဝင်များအား စာကြည့်တိုက်ရှင်သန်ရန် ဆောင်ရွက်မှုများကို ရှင်းလင်း ပြောကြားသည်။ ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းကျော်က စာကြည့်တိုက်များ စံ(၅)ချက်နှင့်ညီညွတ်ရေးကို ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဇန်နဝါရီ ၂၃ရက်က သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အမှတ်(၁) မြို့မဈေးကြီးအတွင်း ဈေးသူ ဈေးသားများအား မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူး၊ မီးသတ်ပိုက်အသုံးပြုပြီး မီးငြိမ်းသတ်မှုနှင့် သရုပ်ပြအစမ်းလေ့ကျင့်မှု ပြုလုပ်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်၊ အမှုဆောင်အရာရှိ ဦးမြင့်နှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးခင်မောင်ဦးတို့ တက်ရောက်ကြည့်ရှုစဉ်။ (မြို့နယ်စည်ပင်)

စာကြည့်တိုက်အဆောက်အအုံများ ကျောက်ဆည်မြို့တွင် ဖွင့်လှစ်

ကျောက်ဆည် ဖေဖော်ဝါရီ ၂

ကျောက်ဆည်မြို့ ကြက်မင်းတွန်ရပ်ကွက် ပညာတံခွန်စာကြည့်တိုက်နှင့် ဖောင်ရွာရပ်ကွက် ကြေးမုံစာကြည့်တိုက်အဆောက်အအုံဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂ရက်က ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ နံနက် ၈နာရီတွင် ကြက်မင်းတွန်ရပ်ကွက် ပညာတံခွန်စာကြည့်တိုက်ကို ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝေဝေဖြိုး၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးဟန်မျိုးအောင်နှင့် ရပ်မိရပ်ဖ ဦးဘိုရီတို့ကလည်းကောင်း၊ ဖောင်ရွာရပ်ကွက် ကြေးမုံစာကြည့်တိုက်ကို ခရိုင်ဦးစီးအရာရှိ၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးစိုးတင့်နှင့် ရပ်မိရပ်ဖတစ်ဦးတို့ကလည်းကောင်း ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှုအားပေး

အဆိုပါစာကြည့်တိုက်ဖွင့်ပွဲများတွင် ခရိုင်ဦးစီးအရာရှိက စာကြည့်တိုက်များ၌ ငွေပဒေသာပင်ရရှိရေး ဆောင်ရွက်သွားကြရန် မှာကြားပြီး ရပ်ကွက်အတွင်းရှိ လူငယ်များ စာဖတ်ဝိုင်းဖွဲ့ဆွေးနွေးမှုကို ကြည့်ရှုအားပေးခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

ပညာရေးဝန်ကြီးဌာန တက္ကသိုလ်၊ ဒီဂရီကောလိပ်များ တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂

ပညာရေးဝန်ကြီးဌာန တက္ကသိုလ်၊ ဒီဂရီကောလိပ်များ တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁ရက် နံနက် ၇နာရီက ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ တက္ကသိုလ်များ တင်းနစ်အားကစားကွင်း(သထုံလမ်း)၌ကျင်းပရာ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်နာယက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများ၊ အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်မော်သိန်း၊ အထွေထွေအတွင်းရေးမှူး ဦးလေးနိုင်နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် တင်းနစ်အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ရှေးဦးစွာ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက အဖွင့်အမှာစကား ပြောကြားပြီး ပြိုင်ပွဲဝင် တင်းနစ်အားကစားမောင်မယ်များက အားကစားသစ္စာအဓိဋ္ဌာန်လေးချက်ကို ရွတ်ဆိုကြသည်။

ပြိုင်ပွဲဖွင့်လှစ်

ထို့နောက် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် နာယက ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက တင်းနစ်ရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ယင်းနောက် တက္ကသိုလ်၊ ဒီဂရီကောလိပ်များ တင်းနစ်ပြိုင်ပွဲ၏ ပထမနေ့အဖြစ် အမျိုးသားအသင်းလိုက် ပြိုင်ပွဲနှင့် အမျိုးသမီးအသင်းလိုက် ပြိုင်ပွဲများကို စတင်ကျင်းပသည်။

အဆိုပါ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ တင်းနစ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၀ရက်အထိ နေ့စဉ်နံနက် ၈နာရီတွင် ယင်းတင်းနစ်ကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

၂၀၁၀ ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဦးတည်ချက် (၅)ရပ်

၁။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

၂။ တိုင်းရင်းသား ပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်း ကာကွယ် တားဆီးရေး၊

၄။ တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက် ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

၅။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၂၉) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ် (၁၂၉)ကို ယနေ့ ထုတ်ဝေဖြန့်ချိထားသည်။

ကြည်အောင်(ကေတုမတီ)၊ မြင်းမူမောင်နိုင်မိုး၊ နေမျိုးသန့်၊ ဇော်မင်းမင်းဦး၊ မြတ်ဘုန်း(တပ်ကုန်း)၊ စိုးကိုကို(လေးမျက်နှာ)၊ သုကိုကို(ကျုံမငေး)၊ နိုင်မင်းညီ (ကော့မှူး)၊ ကမာမင်း(တပ်ကုန်း)၊ အေးမြင့်အေး(တပ်ကုန်း)၊ ဇော်မျိုးဟန် (ငါးသိုင်းချောင်း)တို့၏ အဖွင့်ကဗျာများ၊ ဆင်ဖြူကျွန်းအောင်သိန်း၊ စောမုံညင်း၊ တက္ကသိုလ်တင်ခ၊ မြင့်သိန်းအောင်၊ မောင်မြင့်ကြွယ်၊ သာနိုင်အောင်(ကျိုက်မရော)၊ စိန်လင်း (ခွဲစိတ်နှင့်ကင်ဆာပါရဂူ)၊ ပန်းတနော်နောင်လတ်၊ အောင်ဇင်၊ မြင့်လွင်(ဂျပန်ဘာသာ)၊ ကိုသက်(ဇီးကုန်း)၊ သျှီ(အင်ကြင်း)၊ စစ်ကိုင်းစိမ်းစိမ်း၊ တက္ကသိုလ်ဝင်းမြင့်၊ ဒေါက်တာနှင်းအေးခိုင်ဆွေ၊ လူအိမ်သစ်၊ မွေးငယ်ငယ်၊ ဂွမ်းဖြူဇင်၊ ကျော်ဇောဟိန်း(ဒေါပုံ)၊ ကျော်ဇေယျာလှိုင်(စီးပွားရေးတက္ကသိုလ်)၊ ကျော်(စက်မှု)၊ ထွေးကြည်(သလ္လာဝတီ)၊ တက္ကသိုလ်သျှင်သီရိ(မြွာစရိယ-B.A)၊ မောင်ကြည်မော်(စကု)၊ ကိုအော (လှိုင်သာယာ)၊ ပုရစ်ဖူး(မင်းလှ)၊ အေးဝေတိုး(အညာကျေးလက်)၊ ဝဏ္ဏဦး(ရေမြေ)၊ ဖျာပုံလှမိုးနွယ်၊ သစ္စာမေတ္တာကိုကိုအောင်၊ တက္ကသိုလ်စိုးယဉ်၊ ဒေါက်တာသက်ဆွေ၊ ထက်ဦးဝေယံ(မြို့တပ်ကုန်း)၊ ဦးမြဝင်း၊ မောင်ချစ်ညို(ပဲခူး)၊ ရွှေကိုဦး၊ မောင်တင်ယု၊ ဟာမိုနီ၊ သော်သော်၊ ဖွဲနေ၊ ဘုန်းကျော်တို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်းပါး၊ ကာတွန်း၊ ကဗျာပန်းရုံရိပ်၊ တောခလေ့ စာပန်းချီ၊ ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ ဓမ္မအလင်း ကဗျာပန်းခင်း၊ဗုဒ္ဓစာဥယျာဉ်၊ ရုပ်ရှင်ကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ နိုင်ငံတကာမြင်ကွင်း၊ သတင်းကဏ္ဍ အစရှိသည့် ကဏ္ဍစုံဖြင့် သုတရသစုံလင်စွာ တင်ဆက်ထားသည်။

အဆိုပါမဂ္ဂဇင်းကို ရန်ကုန်မြို့ရှိ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁) အမှတ် ၅၂၉-၅၃၀ စာပေဗိမာန်အဆောက်အအုံ ကုန်သည်လမ်း ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည် စာပေတိုက်(၂) သစ္စာလမ်း ရန်ကင်းဆရာအတတ်သင်ရှေ့ ဖုန်း-၇၂၅၅၃၀နှင့် အမြို့မြို့အနယ်နယ်ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်းသိရသည်။ (သတင်းစဉ်)

မင်းပြားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မင်းစောမွန်လမ်း ကတ္တရာခင်းခြင်း ဆောင်ရွက်ပြီးစီးနေမှုကို ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသိန်းအောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ထွန်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကုန်သည် စက်မှုအသင်းချုပ်၌ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

*ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ကြီးမှူးကျင်းပသော လစဉ်ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲ ဖေဖော်ဝါရီ ၂၀၁၀ကို **Myanmar Combiz Group of Company** ၏ ပံ့ပိုးကူညီမှုဖြင့် ဖေဖော်ဝါရီ ၆ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အမှတ် ၂၉ မင်းရဲကျော်စွာလမ်းရှိ **UMFCCI Office Tower** ပထမထပ် ခန်းမ၌ ကျင်းပမည်ဖြစ်သည်။*

တက်ရောက်နိုင်

ယင်းဟောပြောပွဲတွင် တွဲဖက်ပါမောက္ခ ဒေါက်တာကျော်ရင်လှိုင်က နိုင်ငံများ ဒီမိုကရေစီစနစ် ကျင့်သုံးလာပုံ ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်သည်။ ဟောပြောပွဲသို့ ကုန်သည် စက်မှုအသင်းချုပ်နှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌများ၊ အမှုဆောင်များ၊ အသင်းဝင်များနှင့် စိတ်ပါဝင်စားသူများ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှု၊ Wise International School for Executives ၏ ကူညီပံ့ပိုးမှုတို့ဖြင့် ဖေဖော်ဝါရီ ၆ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းမရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ခင်မောင်ညို (ဘောဂဗေဒ)က လောကဓံတောင်ထိပ်များနှင့် ချိုင့်ဝှမ်းများခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိမ်ရာအဆောက်အအုံပြပွဲ ၂၀၁၀ တပ်မတော်ခန်းမ၌ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

IEMS Company Limited သည် အိမ်ရာအဆောက်အအုံပြပွဲ ၂၀၁၀(HOUSING & BUILDING 2010) ကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဖေဖော်ဝါရီ ၅ရက်မှ ၈ရက်အထိ ကျင်းပရန် စီစဉ်ထားသည်။

ခင်းကျင်းပြသမည်

ပြပွဲတွင် TMW Enterprise မှ Inax ကြွေပြား၊ ကျောက်ပြားများ၊ Sanyo မှ Sosuco ကြွေပြားများ၊ Champion Construction Material မှ အိမ်ခန်းသုံး ပစ္စည်းများနှင့် အလှဆင်ပစ္စည်းများ၊ Regency မှ Midea Lighting အလှဆင်မီးသီးနှင့် မီးဆိုင်းများ၊ Octagon Int'l Co.,Ltd.မှ Giant Elevator များ၊ Asia Metal Co.,Ltd. မှ ဆောက်လုပ်ရေးသုံး Metal နှင့် Metal Structure များ၊ Shine Construction & Hyundai Elevator၊ Naing Construction၊ Asterism International မှ ဆောက်လုပ်ရေးသုံးပစ္စည်းများနှင့် အိမ်ရာပုံစံနှင့် အရောင်းပြခန်းများ၊ အိမ်တွင်း အလှဆင်လုပ်ငန်းများ၊ High Tech မှ Concrete နှင့် ဆက်စပ်ပစ္စည်းများ၊ Zaw & Hnin Co.,Ltd. မှ Water Proofing & Construction Chemicals များ၊ Rhythm မှ ကမ္ဘာ့နံပါတ်တစ် ခေတ်မီဆန်းသစ်သော နာရီအမျိုးမျိုး၊ T & Y Group မှ Landscape လုပ်ငန်းများ၊ Tet Thit Oo Trading မှ (Unaxol) Water Based Wood Lacquer များ၊ TWJS Co.,Ltd. (Hometex)၊ Sea Master၊ TOA နှင့် Nippon Paint မှ အရည်အသွေးမြင့် အိမ်သုတ်ဆေးများ၊ Golden Hook Co.,Ltd. မှ izen တံဆိပ် အဆင့်မြင့် အီလက်ထရွန်နစ်စနစ်သုံး ဘိုထိုင်ခုံများကို ခင်းကျင်းပြသမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မီးကိုသတိ မြဲထားရှိ စောင့်ကြည့်နေပါ သင့်ဝန်တာ

မြန်မာ့ရုပ်မြင်သံကြား

၃-၂-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
	-	ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိ ပါဠိတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	**အင်္ဂဇေယမင်္ဂလာ** ယဉ်ဝေယံထွန်း (တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
၇း၅၀	၅။	သံသာချိုအေး မင်္ဂလာတေး
၈း၀၅	၆။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈း၁၅	၇။	အတီးပြိုင်ပွဲ
၈း၂၀	၈။	တေးဂီတအစီအစဉ်
၈း၃၀	၉။	(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၈း၄၀	၁၀။	International News
၈း၄၅	၁၁။	မြူတိမ်ကင်းသောနေ့

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	တေးဂီတအစီအစဉ်
၄း၂၀	၃။	ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
၄း၃၀	၄။	သီချင်းကြီးပဒေသာ
၄း၄၅	၅။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ပြည်သူ့ရေးရာ အထူးပြု) (ပြည်သူ့ရေးရာ)
၅း၀၀	၆။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၀၅	၇။	ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၅း၁၀	၈။	မြန်မာ့ရုပ်မြင်သံကြား ရုပ်ရှင်ထူးချွန်ဆု စာမျက်နှာများ (အပိုင်း-၁)
၅း၃၀	၉။	ရှုပါတေးသံရှင် ရွေးချယ်ပွဲ
၅း၅၀	၁၀။	(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၆း၀၀	၁၁။	ညနေခင်းသတင်း
၆း၁၅	၁၂။	မိုးလေဝသအခြေအနေ
၆း၂၀	၁၃။	မြန်မာ့ဓလေ့ရိုးရာလက်ဇွေ့
၆း၃၅	၁၄။	ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၇း၁၀	၁၅။	ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၇း၄၀	၁၆။	အလက်ာဝတ်ရည် မြန်မာမှု တေးဂီတအဖွဲ့ဖျော်ဖြေခန်း
၈း၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ** (အပိုင်း-၁၇)
	၂၁။	မြန်မာရုပ်ရှင် **သရဖူ** ရဲအောင်၊ ဇော်ဦး၊ မို့မို့မြင့်အောင်၊ ထက်ထက်မိုးဦး၊ နွဲ့နွဲ့စန်း (ဒါရိုက်တာ-ကြီးမြင့်)

အနော်ရထာလမ်း (၁၄) ရပ်ကွက် ရန်ကင်းမြို့နယ်နေ အဂ္ဂမဟာ သီရိသုဓမ္မ သိင်္ဂီ ဒေါ်ခင်နန်းမွန်၏ စိန်ရတုမွေးနေ့ အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရနဝကမ္မ ငွေပဒေသာပင် အလှူငွေကျပ် ငါးသိန်း ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံယူစဉ်။ (သတင်းစဉ်)

ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနေသော ရှမ်းပြည်နယ်(မြောက်ပိုင်း)က ရေလှောင်တမံများ

သတင်းခရီးသည်-မြင့်မောင်စိုး ➤ ဓာတ်ပုံမှတ်တမ်း-မျိုးမင်းသိန်း(မရမ်းကုန်း) ➤ စာမျက်နှာဖွဲ့စည်းမှု-လှဲ့လှဲ့ဝင်း (မြန်မာ့အလင်း)

နေပြည်တော် ဖေဖော်ဝါရီ ၂

ရှမ်းပြည်နယ် (မြောက်ပိုင်း)သည် တောင်ပေါ်ဒေသဖြစ်သည့်အလျောက် တောင်တန်းကြီးများနှင့် လျှိုမြောင်ချိုင့်ဝှမ်းများ ပေါများသည်။ ထိုသို့ လျှိုမြောင်ချိုင့်ဝှမ်းများ ပေါများသော်လည်း ဒေသ၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေ ရရှိစေရန်နှင့် သောက်သုံးရေ ရရှိစေရန် နိုင်ငံတော်က ဆည်တမံများ တည်ဆောက်ပေးနိုင်ခဲ့သဖြင့် ယခုအခါ လယ်ယာကဏ္ဍတိုးတက်လာ၍ ကျေးလက်ဒေသနေပြည်သူများ လူမှုစီးပွားတိုးပွားလျက်ရှိပေသည်။



ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် ကောက်ကွေ့ရေလှောင်တမံရှိ ရေအားလျှပ်စစ်ထုတ်လုပ်ရေးစက်ရုံအတွင်း တာဘိုင်စက်နှစ်လုံးကို တွေ့ရစဉ်။(မြန်မာ့အလင်း)

ဆည်တမံ

မြန်မာ့အလင်း သတင်းခရီးသည်တို့သည် မကြာမီက ရှမ်းပြည်နယ်(မြောက်ပိုင်း)သို့ သတင်းဆောင်းပါးများရေးသားရန် ရောက်ရှိခဲ့ရာ ကျေးလက်ဒေသနေပြည်သူများ ဝင်ငွေစီးပွား တိုးပွားရေးအတွက် အဓိကကျသော ဆည်တမံများ တည်ဆောက် ပေးနိုင်မှုနှင့်စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းရန် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဘုန်းတင်နှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။ "ကျွန်တော်တို့ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ ဆည်တမံတွေ ဖြန့်ကြက်တည်ဆောက် ပေးနိုင်ခဲ့တဲ့အတွက် ယခုအခါမှာ မိုးစပါးသာမက နွေစပါးပါ စိုက်နိုင်ကြပါပြီ။ ဒါ့အပြင် ပဲပုပ်၊ အစေ့ထုတ်ပြောင်း၊ ဆီမုန်လာ၊ ပဲအမျိုးမျိုးတို့ကိုလည်း ဒီဆည်ရေကို အခြေပြုပြီး စိုက်ပျိုးနိုင်ကြလို့ တောင်သူတွေ ဝင်ငွေစီးပွား တိုးပွားနေကြပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ အဓိကကျတဲ့ ရေလှောင်တမံကြီး သုံးခုကို နိုင်ငံတော်အစိုးရလက်ထက်မှာ တည်ဆောက်ပေးနိုင်ခဲ့ပါတယ်။ ဒီရေလှောင်တမံတွေကတော့ ဟူးမွန်ရေလှောင်တမံ၊ ကောက်ကွေ့ရေလှောင်တမံနဲ့ မုံးရင်ရေလှောင်တမံတို့ပဲ ဖြစ်ပါတယ်"ဟု ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဘုန်းတင်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

မုံးရင်ရေလှောင်တမံ

မုံးရင်ရေလှောင်တမံသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ္မတူမြို့နယ် မုံးရင်ကျေးရွာ၏ အရှေ့တောင်ဘက် သုံးမိုင်ခန့်အကွာတွင် တည်ရှိသည်။ ယင်းရေလှောင်တမံသည် နမ့်ဆွမ်ချောင်းပေါ်၌ တည်ရှိပြီး တမံအလျားပေ ၁၇၀၀၊ အမြင့် ပေ ၁၀၀ ရှိသည်။ စိုက်ပျိုးမြေ ဧက ၂၆၀၀ကို စိုက်ပျိုးရေပေးဝေနိုင်သော ရေလှောင်တမံဖြစ်သည်။ ဤရေလှောင်တမံမှရေကို အသုံးပြုပြီး ယခုလာမည့် နွေစပါးစိုက်ပျိုးချိန်တွင် နမ္မတူမြို့နယ်အတွင်း လယ်မြေ ဧက ၁၀၀၀ကျော်ကို နွေစပါးစိုက်ပျိုးရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ဤရေလှောင်တမံစီမံကိန်းကို ၂၀၀၆-၂၀၀၇ ခုနှစ်တွင် စတင်တည်ဆောက်ပြီး ၂၀၀၈ခုနှစ်၌ တည်ဆောက်ပြီးစီးခဲ့သည်။ မုံးရင်ရေလှောင်တမံကြီး တည်ဆောက်ပေးနိုင်ခဲ့မှုကြောင့် နမ္မတူမြို့နယ်အတွင်း မိုးစပါး၊ နွေစပါးအပြင် သုံးသီးစား အပြည့်အဝ စိုက်ပျိုးနိုင်ရေး ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။

ဟူးမွန်ရေလှောင်တမံ

ဟူးမွန်ရေလှောင်တမံသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် ဟူးမွန်ကျေးရွာအရှေ့တောင်ဘက် သုံးမိုင်ခန့်အကွာတွင် တည်ရှိသည်။ ဤရေလှောင်တမံသည် နမ့်သျှိုချောင်းပေါ်၌ တည်ဆောက်ထားပြီး တမံအမျိုးအစားမှာ မြေသားတမံအမျိုးအစားဖြစ်သည်။ တမံအလျားပေ ၇၀၀ရှိပြီး တမံအမြင့်မှာ ပေ ၈၀ဖြစ်သည်။ ကန်ရေပြည့် ရေလှောင်ပမာဏမှာ ဧကပေ ၁၈၅၀ ဖြစ်သည်။ စိုက်ပျိုးမြေ ဧက ၈၂၀ ကျော်ကို စိုက်ပျိုးရေ ဖြန့်ဝေပေးနိုင်သော ရေလှောင်တမံဖြစ်သည်။

ဟူးမွန်ရေလှောင်တမံ စီမံကိန်းကို ၁၉၉၅-၁၉၉၆ခုနှစ်တွင် စတင်ခဲ့သည်။ ၁၉၉၇-၁၉၉၈ခုနှစ်တွင် စီမံကိန်းလုပ်ငန်းပြီးစီးခဲ့သည်။ ဤရေလှောင်တမံ တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့မှုကြောင့် ယခုအခါ လားရှိုးမြို့နယ်တွင် မိုးစပါးဧက ၈၀၀ကျော်၊ နွေစပါး ဧက ၇၀၀နီးပါး စိုက်ပျိုးနိုင်ပြီဖြစ်သည်။ ထို့အပြင် ဆောင်းသီးနှံအဖြစ် နေကြာ၊ မုန်ညင်း၊ ပန်းမုန်လာ၊ မုန်လာထုပ်၊ ပန်းနှမ်း၊ စားတော်ပဲ၊ ကြက်သွန်စသည့် သီးနှံများကိုလည်း စိုက်ပျိုးထုတ်လုပ်လာနိုင်ပြီဖြစ်သည်။

မိုးစပါး၊ နွေစပါးအတွက် အားထားရသော ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ်ရှိ ဟူးမွန်ရေလှောင်တမံ။ (မြန်မာ့အလင်း)

ကောက်ကွေ့ရေလှောင်တမံ

ရှမ်းပြည်နယ်(မြောက်ပိုင်း)လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအပြင် သားငါးကဏ္ဍနှင့် လျှပ်စစ်ကဏ္ဍတွင် အရေးပါသည့် ရေလှောင်တမံကြီး တစ်ခုမှာ ကောက်ကွေ့ ရေလှောင်တမံပင် ဖြစ်သည်။

ယင်းရေလှောင်တမံ စီမံကိန်းကို ၂၀၀၄-၂၀၀၅ခုနှစ်တွင် လုပ်ငန်းစတင်ခဲ့သည်။ ၂၀၀၅-၂၀၀၆ ခုနှစ်တွင် လုပ်ငန်းပြီးစီးခဲ့သည်။ ကောက်ကွေ့ရေလှောင်တမံမှာ ဟူးမွန်ရေလှောင်တမံ၏ အကူရေလှောင်တမံဖြစ်သည်။

ထို့ကြောင့် ဤရေလှောင်တမံ၏ အကျိုးပြုဧကမှာ ဟူးမွန်ရေလှောင်တမံ အကျိုးပြုဧက ၈၀၀ကျော်နှင့် အတူတူပင်ဖြစ်သည်။ သို့သော် ကောက်ကွေ့ရေလှောင်တမံသည် ရေအားလျှပ်စစ်ထုတ်ယူနိုင်သည့် ရေလှောင်တမံဖြစ်သည်။ ယင်းရေလှောင်တမံတွင် ၄၀ကီလိုဝပ် တာဘိုင်နှစ်လုံး တပ်ဆင်ထားသည်။ ထို့ကြောင့် ဤကောက်ကွေ့ရေလှောင်တမံမှ ရေအားလျှပ်စစ်ကီလိုဝပ်၈၀ ထုတ်လုပ်ပေးနိုင်သည်။

ရေအားလျှပ်စစ်စက်ရုံကို ၂၀၀၇ခုနှစ် နိုဝင်ဘာ ၁၆ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၈ခုနှစ် ဇန်နဝါရီ ၂၆ရက်၌ ရေအားလျှပ်စစ် စတင်စမ်းသပ်လည်ပတ်နိုင်ခဲ့ကြောင်း သိရသည်။

"ဒီရေလှောင်တမံတွေကြောင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)မှာ မိုးစပါးသာမက နွေစပါးကိုပါ စိုက်ပျိုးနိုင်ကြပါပြီ"

ဦးဘုန်းတင်
ဒုတိယညွှန်ကြားရေးမှူး
ဆည်မြောင်းဦးစီးဌာန၊ လားရှိုးမြို့။

ရှမ်းပြည်နယ် (မြောက် ပိုင်း) လား ရှိုး မြို့ နယ်ရှိ ကောက် ကွေ့ ရေ လှောင် တမံ တွင် ရေ အား လျှပ် စစ် ထုတ် လုပ် ရေး စက်ရုံကို ဤသို့ တွေ့ရသည်။
(မြန်မာ့အလင်း)

အကူရေလှောင်တမံ

ဤကောက်ကွေ့ရေလှောင်တမံသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် မန်ဆူကျေးရွာအနီး၌ တည်ရှိသည်။ ယင်းရေလှောင်တမံမှာ ကောက်ကွေ့ချောင်းပေါ်၌ တည်ဆောက်ထားခြင်းဖြစ်သည်။ တမံအလျားမှာ ပေ ၁၀၈၀ရှိပြီး တမံအမြင့် ၁၁၆ ပေရှိသည်။ ကန်ရေပြည့်ရေလှောင်နိုင်မှု ပမာဏမှာ ဧကပေ ၅၂၀၀ဖြစ်သည်။

လျှပ်စစ်ဓာတ်အား ထုတ်ပေးနေသော ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် မန်ဆူကျေးရွာအနီးရှိ ကောက်ကွေ့ရေလှောင်တမံကို ဤသို့ တွေ့ရသည်။
(မြန်မာ့အလင်း)

တည်ဆောက်ပေးနိုင်

ဟူးမွန်ရေလှောင်တမံနှင့် ကောက်ကွေ့ရေလှောင်တမံ တည်ဆောက်ပေးနိုင်ခဲ့မှုကြောင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် လယ်ယာကဏ္ဍနှင့် လျှပ်စစ်ကဏ္ဍတိုးတက်လာခဲ့ပြီဖြစ်သည်။ ထို့အပြင် ဒေသခံပြည်သူများက ငါးမွေးမြူရေးလုပ်ငန်းများကိုပါ ရေလှောင်တမံအတွင်း ပြုလုပ်လာကြပြီဖြစ်၍ ဒေသ၏ စားနပ်ရိက္ခာဖူလုံရေးအတွက် များစွာအထောက်အကူပြုလျက်ရှိနေပြီဖြစ်သည်။

အကျိုးပြု

ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် စိုက်ပျိုးရေး လုပ်ငန်းအကျိုးပြု အခြားသော ရေလွှဲဆည်များလည်း ရှိသည်။ ယင်းတို့မှာ သိန္နီမြို့နယ်ရှိ ဖိုင်ခမ်းရေလွှဲဆည်၊ ကျောက်မဲမြို့နယ်ရှိ မိုင်းလုံရေလွှဲဆည်နှင့် မိုင်းငေါ့ ရေလွှဲဆည်၊ သီပေါမြို့နယ်ရှိ ဖာပိတ်ရေလွှဲဆည်၊ လောက်ကိုင်ရှိ နာလီ ရေလွှဲဆည်နှင့် ရှိဖန်ရေလွှဲဆည်တို့ဖြစ်ကြသည်။



စိုက်ပျိုးမြေဧက ၂၆၀၀ အတွက် စိုက်ပျိုးရေ ဖြန့်ဝေပေးနေသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)နမ္မတူမြို့နယ်ရှိ မုံးရင်ရေလှောင်တမံ။ (မြန်မာ့အလင်း)

ဖွံ့ဖြိုးတိုးတက်လာ

အဆိုပါ ရေလွှဲဆည်များအနက် မုံးရင်ရေလှောင်တမံ၊ ဟူးမွန်ရေလှောင်တမံနှင့် ကောက်ကွေ့ရေလှောင်တမံတို့သည် နိုင်ငံတော်အစိုးရလက်ထက် ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွက် လယ်ယာကဏ္ဍ၊ လျှပ်စစ်ဓာတ်အား ထုတ်ယူရေးကဏ္ဍနှင့် သားငါးထုတ်လုပ်ရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာစေရန် အဓိက အကျိုးပြုနေသော ရေလှောင်တမံများ ဖြစ်ပါကြောင်း သတင်းခရီးတစ်ထောက် စေ့ငုတင်ပြလိုက်ရပါကြောင်း။ ။ **(မြန်မာ့အလင်း)**

✳ ရှေ့ဖုံးမှ

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ဌေ၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ကြည့်ရှုအားပေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တိုင်းမှူး ဗိုလ်ချုပ်တင်ဌေ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် မကွေးတိုင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ တို့လိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာရာ ရောဝတီတံတား (ပခုက္ကူ) တည်ဆောက်ရေးစီမံကိန်း တံတားလမ်းအုကြောင်းအနီးရှိ ဘုမ္မရပ်ကွက်သစ်သို့ရောက်ရှိရာ ဘုမ္မရပ်ကွက်၌ အိမ်များ တည်ဆောက်ထားရှိမှု၊ ရပ်ကွက်နေ မိသားစုများ၏ လက်ရက်ကန်းဖြင့် စောင်နှင့် လုံချည်ရက်လုပ်နေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဧရာဝတီတံတား (ပခုက္ကူ) တည်ဆောက်ရေးစီမံကိန်း ပခုက္ကူဘက်ကမ်း စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ဧရာဝတီတံတား (ပခုက္ကူ)တည်ဆောက်ရန် အဆိုပြုတံတားအုကြောင်းနေရာ၊ ဘိုးပိုင်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ စက်၊ ယာဉ်၊ ယန္တရား ရရှိသုံးစွဲမှု၊ လုပ်ငန်းသုံးပစ္စည်းများ ရောက်ရှိ၊ ရရှိမှုနှင့် ဝန်ထမ်းအင်အား အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားပြီး စီမံကိန်းရှင်းလင်းဆောင်ရှုပ်မှ ရောဝတီတံတား (ပခုက္ကူ) တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်ကို ကြည့်ရှုသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပခုက္ကူဘက်ကမ်း စီမံကိန်းလုပ်ငန်းခွင်အတွင်း ဘိုးပိုင်များ တူးဖော်ပြီးစီးမှုများနှင့် ဆက်လက်တူးဖော်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရေယာဉ်ဖြင့် လက်ပံခြေပေါ်ဘက်ကမ်းသို့ ထွက်ခွာကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဧရာဝတီတံတား (ပခုက္ကူ) တည်ဆောက်ရေးစီမံကိန်း လက်ပံခြေပေါ်ဘက်ကမ်း၌ ဘိုးပိုင်များ တူးဖော်ပြီးစီးမှုနှင့် ဆက်လက်တူးဖော်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြပြီး ဧရာဝတီတံတား(ပခုက္ကူ) တည်ဆောက်ရေးစီမံကိန်း လက်ပံခြေပေါ်ဘက်ကမ်း ရှုရပ်ဆောင်မှ ဧရာဝတီတံတား(ပခုက္ကူ) တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်ကို ထပ်မံကြည့်ရှုစစ်ဆေးရာ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ဧရာဝတီမြစ်ရေ အမြင့်ဆုံးတက်ခဲ့မှုနှင့် လုပ်ငန်းများ သတ်မှတ်ချိန်အမီ ပြီးစီးရေးအတွက် ဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး နိုင်ငံတော်ဝန်ကြီးချုပ်က တံတားတည်ဆောက်ရေးလုပ်ငန်းကို သတ်မှတ်ချိန်အမီပြီးစီးရေး၊ ဆောက်လုပ်ရေးပစ္စည်းများနှင့် လုပ်ငန်းသုံးပစ္စည်းများ အချိန်မီရောက်ရှိရေး စီမံဆောင်ရွက်သွားရန်မှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရောက်ရှိ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် လက်ပံခြေပေါ်မှ ဆက်လက်ထွက်ခွာလာခဲ့ကြရာ ပုဂံမြို့သို့ ညနေပိုင်းတွင်ရောက်ရှိ ညအိပ်ရပ်နားကြသည်။

ဧရာဝတီတံတား(ပခုက္ကူ)

အဆိုပါ ဧရာဝတီတံတား(ပခုက္ကူ) သည် ပင်မတံတားအရှည် ၁၁၄၃၁ပေရှိပြီး ကားလမ်းတံတားအရှည် စုစုပေါင်း ၁၄၁၈၁ပေ ရှိသည်။ နှစ်လမ်းသွားကားလမ်း အကျယ် ၂၈ပေနှင့် ရထားလမ်းအကျယ် ၁၄ပေရှိပြီး လူသွားလမ်းအကျယ် တစ်ဖက် ၃ ပေ ၃ လက်မစီပါရှိသည်။ တံတားအမျိုးအစားမှာ သံကူကွန်ကရစ် သံမဏိသံပေါင်တံတားဖြစ်ပြီး ခွင့်ပြုယာဉ် ဝန်အလေးချိန် တန် ၆၀ဖြစ်ကြောင်း သိရသည်။

ဆောက်လုပ်ရေး ဝန်ကြီးဌာနက ဆောက်လုပ်ခဲ့သော မြစ်ကူးတံတားများအနက် ယခုတည်ဆောက်နေသည့် ဧရာဝတီတံတား(ပခုက္ကူ)သည် စုစုပေါင်း အရှည် ၂၁၉၃၁ပေခန့်ရှိသည့် မြန်မာနိုင်ငံ၏ အရှည်ဆုံးတံတားကြီးဖြစ်ကြောင်းလည်း သိရသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဧရာဝတီတံတား(ပခုက္ကူ) တည်ဆောက်ရေးစီမံကိန်း လက်ပံခြေပေါ်ဘက်ကမ်း၌ ဘိုးပိုင်များ တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဧရာဝတီတံတား(ပခုက္ကူ) တည်ဆောက်ရေးစီမံကိန်း တံတားလမ်းအုကြောင်းအနီးရှိ ဘုမ္မရပ်ကွက်၌ မိသားစုများ၏ လက်ရက်ကန်း ရက်လုပ်မှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ဧရာဝတီတံတား (ပခုက္ကူ) တည်ဆောက်ရေးစီမံကိန်း လက်ပံခြေပေါ်ဘက်ကမ်းရှိ တံတား တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်ကို တွေ့ရစဉ်။ (သတင်းစဉ်)

မြောက်ပိုင်းစွန်းဒေသများ၌ ကွက်ကျားမိုးရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ချင်းပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၉ ဒီဂရီစင်တီဂရိတ်၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ဒေသများတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်မှာ မြိတ်မြို့တွင် ၀ ဒသမ ၁၄လက်မဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

ဖေဖော်ဝါရီ ၃ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ မြောက်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃-၂-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4အဖွင့် Logo၊ ပဌာန်းပါဠိတော်+ခန္ဓသုတ် မောရသုတ်+ဝဋ္ဋသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **ဝိပဿနာရှုတတ်ရန်** တရားတော် (ပြည်တွင်းပြည်ပ သာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၇:၀၀ MRTV-4 သတင်း
၇:၄၅ MRTV-4ကာတွန်းအစီအစဉ်
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၀)
၈:၃၀ Sports World (မြန်မာ-ဘင်္ဂလားဒေ့ရှ် အမျိုးသားချစ်ကြည်ရေး ဘော်လီဘောပြိုင်ပွဲ)
၈:၅၅ Activities in the City အမေထွား ပဲဆီသန့်(မကွေး)၏ ဂုဏ်ပြုပွဲအခမ်းအနား (Lolane Head Zone & Professional Hair Workshop)
၉:၃၀ အားကစားမြင်ကွင်းစုံ (ဦးဘုဏ်ထွန်း၊ ဦးကျော်ဇင်မိုး၊ ထွန်းနေစိုး)
၁၀:၁၅ မျက်ဝန်းသစ်မှာ ဗဟုသုတရှာ
၁၀:၃၀ ဘူးခါးပေါ်မှ စိတ်ကူးလက်ရာ
၁၀:၃၅ Industrial Talk
၁၁:၀၅ ဗီဒီယိုပြခန်း
၁၁:၂၅ လှမ်းလာခဲ့ပါ… နောင်အင်းလေးကကြိုနေမှာ
၁၁:၄၅ ဓာတ်ပုံထဲမှအမှတ်တရများ သရုပ်ဆောင်ဂန္ဓဝင်၏ ဓာတ်ပုံထဲမှ အမှတ်တရများ (အပိုင်း-၁)
၁၂:၁၀ Activities in the City အမေထွား ပဲဆီသန့်(မကွေး)၏ ဂုဏ်ပြုပွဲအခမ်းအနား (Lolane Head Zone & Professional Hair Workshop)
၁၂:၄၀ ကြည်နူးစရာလက်ဆောင်အဖြာဖြာ (Blessings Floral & Gifts Shop)
၁:၀၀ **ဝိပဿနာရှုတတ်ရန်** တရားတော် (ပြည်တွင်းပြည်ပ သာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မ ကိတ္တိသာရ)
၂:၀၀ MRTV-4 သတင်း
၂:၄၅ စကားနပန်း (နိုင်ငံခြားသွားတာ ကောင်းတယ်၊ နိုင်ငံခြားမသွားတာ ကောင်းတယ်)
၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၀)
၄:၂၀ ဂန္ဓဝင်ဂီတစာဆိုတော် အလင်္ကာကျော်စွာ ရွှေပြည်အေး နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ဂန္ဓဝင်တေးသီချင်းများ
၆:၀၀ MRTV -4 သတင်း
၆:၃၀ Milestones of Contemporary Music Selection
၇:၁၀ ဓာတ်ပုံထဲမှအမှတ်တရများ သရုပ်ဆောင်ဂန္ဓဝင်၏ ဓာတ်ပုံထဲမှ အမှတ်တရများ (အပိုင်း-၁)
၇:၂၅ ကြည်နူးစရာလက်ဆောင်အဖြာဖြာ (Blessings Floral & Gifts Shop)
၈:၀၀ MRTV-4 သတင်း
၈:၃၀ စကားနပန်း (နိုင်ငံခြားသွားတာ ကောင်းတယ်၊ နိုင်ငံခြားမသွားတာ ကောင်းတယ်)
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၀)
၁၀:၀၀ ဗီဒီယိုပြခန်း
၁၀:၁၅ Milestones of Contemporary Music Selection
၁၀:၄၅ Industrial Talk
၁၁:၁၀ တံငါတံတား
၁၁:၁၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၂၄	Fulham-Portsmouth	ESPN(Live)
	Fulham-Portsmouth	MRTV-4(Live)

FA Cup ဘောလုံးပွဲစဉ်

၂:၀၀	Leeds-Tottenham	STAR SPORTS(Live)

မြဝတီရုပ်မြင်သံကြား

၃-၂-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ် ချိုနှားဝင်
၇:၄၅ ၇။ **အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
၄:၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀ ၅။ မေးမြန်းစူးစမ်း
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၀၀ ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅:၂၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၃၀ ၉။ ကျန်းမာသုတ
၅:၄၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၃။ Mail Box
၆:၄၅ ၁၄။ ကာတွန်းအစီအစဉ် **လူစွမ်းကောင်းလေးဖော်** (အပိုင်း-၉)
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မုန်းမုန်းမေ့မေ့** (အပိုင်း-၄၆)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ အိုင်စီတီသုတ
၂၁။ ရယ်ရွှင်စရာ ဟာသပဒေသာ **ထူးလည်းထူးတဲ့ ရွှေဖူးစာ** (အပိုင်း-၂) မိုးယံဇွန်၊ ပေါ်လေး၊ အရိုင်း၊ စိုပြေ၊ မျိုးစန္ဒီကျော်၊ [ဒါရိုက်တာ-မောင်ပြည့်ဝ (ပန်းဝေသီ)]
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင် ဇာတ်လမ်း **အရဏ်ဦးအချစ်** (အပိုင်း-၂၇)

မီးဖို မီးကြွင်း မီးကျန် နှိုးဆော်ချက်

❑ သင့်ရဲ့အိမ်မှာ မီးဖို မီးကြွင်းမီးကျန်မှ…
ဖြစ်ပွားတတ်သဖြင့် မီးဖိုများ သုံးစွဲပြီးပါ…
မမေ့မလျော့ဘဲ ပြုလုပ်ရန်။

❑ သင့်မိသားစုဝင်အားလုံး အပြင်သွားမ…
လျှပ်စစ်ပစ္စည်းများရှိပါက မီးကိုပိတ်၊ ပ…
(Main Switch) တို့ကို ချထားပြီးမှ …
အား သတိထားပြီး အလေ့အကျင့်ပြု…

❑ မီးဖို မီးကြွင်းမီးကျန်များကို မေ့လျော့ပေ…
ခြင်းနှင့် အိမ်တွင် လူစောင့်မထားဘဲ…
သွားစဉ် မီးအားမြှင့်စက်နှင့် မိန်းခလု…
တို့ကြောင့် မီးလောင်မှုများ ဖြစ်ပွားတ…
ဖြင့် သတိထားရန်။

...) တည်ဆောက်ရေးစီမံကိန်း လက်ပံခြေပေါ်

(သတင်းစဉ်)

❒ *ကျောဖုံးမှ*

အံ့မခန်း

လမ်းတံတားများအပြင် နိုင်ငံလူဦးရေ ၇၀ရာခိုင်နှုန်း လုပ်ကိုင်နေကြသည့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသော စက်မှုကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ လျှပ်စစ်ထုတ်လုပ်မှုနှင့် ပို့လွှတ်ဖြန့်ဖြူးရေးကဏ္ဍစသည့် ကဏ္ဍအသီးသီးတို့၏ အောင်မြင်မှုများသည် အံ့မခန်း တိုးတက် ရရှိလျက်ရှိသည်။

ကြိုးပမ်းဆောင်ရွက်

ဤသို့ တိုးတက်ဖြစ်ထွန်း အောင်မြင်မှုများမှာ လွယ်လွယ်ကူကူနှင့် ပေါက်မြောက် အောင်မြင်ခဲ့ခြင်းတော့ မဟုတ်ပေ။ အနှောင့်အယှက် အခက်ထက်၊ ခရီးတွင်သော မော်တော်ကားများဖြင့် ဥဒဟို သွားလာနိုင်နေပြီဖြစ်သည်။ ယခုတစ်ဖန် ရထားဖြင့်ပါ သွားလာနိုင်ရေးအတွက် ရထားလမ်းများ ဖောက်လုပ်လျက် ရှိနေသည်။

တာဝန်ယူတည်ဆောက်

ဧရာဝတီမြစ်ကိုဖြတ်၍ ကားလမ်းနှင့် ရထားလမ်း တွဲဖက်ပါဝင်သော ဧရာဝတီတံတား(ညောင်တုန်း) တည်ဆောက်ရေးစီမံကိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီး တည်ဆောက်ရေးအဖွဲ့(၅)က တာဝန်ယူ၍ တည်ဆောက်လျက်ရှိနေသည်။

ဧရာဝတီတံတား(ညောင်တုန်း)သည် ၆-၁၀-၂၀၀၉ရက်နေ့က နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လမ်းညွှန်ခဲ့သည့် ဧရာဝတီမြစ်ပေါ်ရှိ လမ်းညွှန်ပေးခဲ့မှုအရ ၁-၁-၂၀၁၀ရက်က ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်တို့က ပန္နက်တော်တင်နှင့် တွင်းတော်ဝန်းမင်္ဂလာအခမ်းအနားများကို ဦးစီးကျင်းပ၍ ဧရာဝတီတံတား(ညောင်တုန်း) စီမံကိန်းကို စတင်အကောင်အထည်ဖော်ဆောင်ရွက်နေခြင်း ဖြစ်သည်။

ရေလယ်တိုင်များတည်ဆောက်

ဧရာဝတီတံတား (ညောင်တုန်း) တည်ဆောက်ရေးစီမံကိန်း၏ ရန်ကုန်ဘက်ကမ်းအခြမ်းမှာ နုန်းတင်မြေနုကျွန်းများပေါ်၌ ရေလယ်တိုင်များ တည်ဆောက်ရသဖြင့် ဘိုးပိုင်အုတ်မြစ်များကို နက်နက်တူး၍ဆောင်ရွက်ရပြီး ပုသိမ်ဘက်ကမ်း

ဘိုးပိုင်တူးခြင်း လုပ်ငန်းဆောင်ရွက်

ဧရာဝတီတံတား(ညောင်တုန်း) တည်ဆောက်ရေး စီမံကိန်းတွင် ဘိုးပိုင်တူးခြင်းလုပ်ငန်းကို ဤသို့ စီမံကိန်းဝန်ထမ်းများ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။
ဓာတ်ပုံ-မိုးမြင့်လှိုင်

ဧရာဝတီတံတား(ညောင်တုန်း)တည်ဆောက်ရေး စီမံကိန်းတွင် ဘိုးပိုင်များ ကွန်ကရစ်လောင်းခြင်းလုပ်ငန်းကို ဤသို့ ညဆိုင်းဖြင့် ဆောင်ရွက်လျက်ရှိသည်။
ဓာတ်ပုံ-မိုးမြင့်လှိုင်

အခဲ အမျိုးမျိုးကြားမှ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်အပေါ် အခြေခံသည့် စည်းလုံးညီညွတ်မှုစွမ်းအားများဖြင့် ကြိုးပမ်းဆောင်ရွက်မှုများကြောင့်ပင် ဖြစ်သည်။

ရထားလမ်းများဖောက်လုပ်

ဧရာဝတီတိုင်းသည် မြစ်ချောင်းများပေါများသည့်တိုင်း ဖြစ်သည့်အားလျော်စွာ တံတားများမရှိသေးသည့် ကာလက ခရီးသွားလာမှုကို ရေလမ်းတစ်ခုတည်းပေါ်၌သာ အားကိုးအားထား ပြုနေကြရသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် မြစ်ကူးတံတားကြီးများ တစ်စင်းပြီး တစ်စင်း တည်ဆောက်ပေးခဲ့ပြီး လမ်းသစ်များလည်း ဖောက်လုပ်ပေးမှုကြောင့် ရေလမ်းခရီးသဘော်များ နောက်ထပ် မြစ်ကူးတံတားကြီးလေးစင်း တည်ဆောက်ရန် လမ်းညွှန်မိန့်ကြားချက်အရ ပေါ်ပေါက်လာသော တံတားကြီးတစ်စင်း ဖြစ်သည်။

စတင်အကောင်အထည်ဖော်

အဆိုပါ တံတားကြီးကို ၅-၁၁-၂၀၀၉ရက်က နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဧရာဝတီမြစ်နံဘေး ပုသိမ်ဘက်ကမ်းရှိ တံတားအုကြောင်း ရွေးချယ်ထားသော ဗိုလ်မြတ်ထွန်းတံတားကြီး၏ အထက် ပေ ၈၀၀၀ကွာသော ဧရာဝတီတံတား (ညောင်တုန်း) တည်ဆောက်ရေး ရှင်းလင်းဆောင်သို့ ရောက်ရှိလာပြီး တွင်လည်း ရေနက်ကွင်းများ၊ အင်းများစွာကို ဖြတ်၍ တည်ဆောက်ရသည် ဆို၏။

ဧရာဝတီတံတား (ညောင်တုန်း)၏ ရေမြေသဘာဝမှာ နွေရာသီ ဧရာဝတီမြစ်ရေကျချိန်၌ မြစ်အကျယ်သည် ပုံမှန်ဖြစ်သော်လည်း မိုးရာသီတွင် မြစ်ကမ်းနှစ်ဖက်၌ မြစ်ရေများ ကျယ်ပြန့်စွာဖြင့် ရေပြင်ကျယ်ကြီး ဖြစ်လျက်ရှိသည်။ သို့ဖြစ်ပါ၍ မိုးရာသီတံတားတည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်စဉ် ရေလွှတ်ရန်အတွက် ယခု ပွင့်လင်းရာသီကတည်းက အဆင်ပြေချောမွေ့စေရန် ချိန်ဆ၍ ကြိုတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဧရာဝတီတံတား(ညောင်တုန်း) တည်ဆောက်ရေးစီမံကိန်းဆိုင်ရာ အဓိကအချက်များ

၁။	တည်နေရာ	ဧရာဝတီတိုင်း မအူပင်ခရိုင် ညောင်တုန်းမြို့နယ်
၂။	ပင်မတံတားအရှည်	၂၂၅၆ မီတာ၊ ၇၄၀၂ပေ ၁ ဒသမ ၄မိုင်
၃။	တံတားအမျိုးအစား	
	(က) အုတ်မြစ်နှင့်အောက်ထည်	-သံကူကွန်ကရစ်
	(ခ) တံတားအပေါ်ထည်	-သံမဏိသံပေါင်
၄။	ခန်းဖွင့်ဖွဲ့စည်းပုံ	
	မီတာ ၁၂၀ ၁၆ ခန်း (သံပေါင်)	
	မီတာ ၁၀၀ ၂ ခန်း (သံပေါင်)	
	မီတာ ၆၀ ၂ ခန်း (သံပေါင်)	
၅။	ကားလမ်း/ ရထားလမ်းနှင့် လူသွားလမ်း	
	(က) နှစ်လမ်းသွားကားလမ်းအကျယ်	- ၂၈ပေ (၈ ဒသမ ၅၀ မီတာ)
	(ခ) ရထားလမ်းအကျယ်	- ၁၄ပေ (၄ ဒသမ ၃၀ မီတာ)
	(ဂ) လူသွားလမ်းအကျယ် တစ်ဖက်လျှင် ၃ ပေ၊ ၃ လက်မဖြင့် နှစ်ဖက်	- တစ်ဖက် ၁ မီတာ၊ နှစ်ဖက် ၂ မီတာ ၆ပေ၊ ၆လက်မ
၆။	ရေလမ်းကင်းလွတ်အကျယ် (အဆိုပြု)	- ၈၀ မီတာ (၂၆၂ ပေ)
၇။	ရေလမ်းကင်းလွတ်အမြင့် (အဆိုပြု)	- ၁၇ မီတာ (၅၅ ပေ)
၈။	ချဉ်းကပ်လမ်းအရှည် (ပုသိမ်ဘက်ကမ်း)	၅၂၆၆ ပေ
၉။	ချဉ်းကပ်အရှည် (ရန်ကုန်ဘက်ကမ်း)	၈၇၉၅ ပေ
၁၀။	စီမံကိန်းစတင်သည့်ရက်	၁-၁-၂၀၁၀ ရက်နေ့

သံကူခြင်းများပြုလုပ်

ဧရာဝတီတံတား(ညောင်တုန်း) တည်ဆောက်ရေးစီမံကိန်းတွင် ဘိုးပိုင်များ ကွန်ကရစ်လောင်းရန် ဆောက်လုပ်ရေးဝန်ထမ်းများက သံကူခြင်းများ ပြုလုပ်နေကြစဉ်။
ဓာတ်ပုံ-မိုးမြင့်လှိုင်

အရှိန်အဟုန်မြှင့်

အဆိုပါ တံတားကြီးကို နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လုပ်ငန်းစတင်သည်မှစ၍ အချိန်ပြည့်ဆောင်ရွက်ပြီး အချိန်တိုကာလအတွင်း ပြီးစီးအောင်မြင်အောင် ဆောင်ရွက်ရန် လမ်းညွှန်မှုပြုခဲ့သဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းတည်ဆောက်ရေးအဖွဲ့(၅)က ဧရာဝတီတံတား (ညောင်တုန်း)၏ ရန်ကုန်ဘက်ကမ်းတွင် ရေလယ်တိုင် အမှတ်(၁၀)နှင့် ဧရာဝတီတံတား (ညောင်တုန်း)၏ ပုသိမ်ဘက်ကမ်း ရေလယ်တိုင် အမှတ်(၁၉)တို့၏ အောက်ခြေအုတ်မြစ် ပိုင်တိုင်တူးခြင်း လုပ်ငန်းများကို နေ့ဆိုင်းညဆိုင်းဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက် ရှိနေကြောင်းကို သက်ဆိုင်ရာတံတား တည်ဆောက်ရေး စီမံကိန်း အင်ဂျင်နီယာမှူးကြီးနှင့် သွားရောက်တွေ့ဆုံမေးမြန်း၍ ရိုက်ကူးခဲ့သော လုပ်ငန်းခွင် ဓာတ်ပုံမှတ်တမ်းများနှင့်အတူ ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၃-၂-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၁၀	၃။	ဓမ္မပူဇာတေး
၇း၂၀	၄။	မျိုးချစ်တပ်မတော်
၇း၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ် ချိုနှားဝင်
၇း၄၅	၇။	**အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၉။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၁။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄း၃၀	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀	၅။	မေးမြန်းစူးစမ်း
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၀၀	၇။	ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅း၂၀	၈။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၃၀	၉။	ကျန်းမာသုတ
၅း၄၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၃။	Mail Box
၆း၄၅	၁၄။	ကာတွန်းအစီအစဉ် **လူစွမ်းကောင်းလေးဖော်** (အပိုင်း-၉)
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မုန်းမုန်းမေ့မေ့** (အပိုင်း-၄၆)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	နိုင်ငံတကာသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	အိုင်စီတီသုတ
	၂၁။	ရယ်ရွှင်စရာ ဟာသပဒေသာ **ထူးလည်းထူးတဲ့ ရွှေဖူးစာ** (အပိုင်း-၂) မိုးယံဇွန်၊ ပေါ်လေး၊ အရိုင်း၊ စိုပြေ၊ မျိုးစန္ဒီကျော်၊ [ဒါရိုက်တာ-မောင်ပြည့်ဝ (ပန်းဝေသီ)]
	၂၂။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင် ဇာတ်လမ်း **အရဏ်ဦးအချစ်** (အပိုင်း-၂၇)

မီးဖို မီးကြွင်း မီးကျန် သတိပြုရန်

နှိုးဆော်ချက်

- ❑ သင့်ရဲ့အိမ်မှာ မီးဖို မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုများ ဖြစ်ပွားတတ်သဖြင့် မီးဖိုများ သုံးစွဲပြီးပါက မီးငြိမ်းသတ်ခြင်းကို မမေ့မလျော့ဘဲ ပြုလုပ်ရန်။
- ❑ သင့်မိသားစုဝင်အားလုံး အပြင်သွားမည်ဆိုပါက သုံးစွဲနေသော လျှပ်စစ်ပစ္စည်းများရှိပါက မီးကိုပိတ်၊ ပလပ်ကိုဖြုတ်၊ မိန်းခလုတ် (Main Switch) တို့ကို ချထားပြီးမှ အပြင်သို့ ထွက်သွားခြင်းအား သတိထားပြီး အလေ့အကျင့်ပြုလုပ်ပါ။
- ❑ မီးဖို မီးကြွင်းမီးကျန်များကို မေ့လျော့ပေါ့ဆစွာ မငြိမ်းသတ်ထားခြင်းနှင့် အိမ်တွင် လူစောင့်မထားဘဲ တစ်အိမ်လုံး အပြင်သို့ သွားစဉ် မီးအားမြှင့်စက်နှင့် မိန်းခလုတ်တို့အား ချမထားခြင်းတို့ကြောင့် မီးလောင်မှုများ ဖြစ်ပွားတတ်သည်ကို အသိတရားဖြင့် သတိထားရန်။

မြိုင်မြို့နယ် ပန်းစွာကျေးရွာမှ ရေလှောင်တွင်းများ

စိုက်ပျိုးရေသာမက သောက်သုံးရေအတွက်ပါ အကျိုးပြုနေပြီ

➤ သတင်းခရီးသည်နှင့် ဓာတ်ပုံမှတ်တမ်း-အောင်သန်း (မင်္ဂလာတောင်ညွန့်)၊ ➤ စာမျက်နှာဖွဲ့စည်းမှု - ခင်သန္တာသိန်း (မြန်မာ့အလင်း)

နေပြည်တော် ဖေဖော်ဝါရီ ၂

လယ်ယာမြေအဖြစ် အသုံးပြု၍မရသေးသော ဆပ်ပြာကျင်းမြေများကို ဖယ်ရှားထုတ်ပစ်ကာ စပါးစိုက်ပျိုးနိုင်သော လယ်ယာမြေများအဖြစ် ဌာနဆိုင်ရာများ၊ ဒေသအာဏာပိုင်များ၊ ဒေသခံပြည်သူများ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ကြ၍ အောင်မြင်ဖြစ်ထွန်းနေသည့် သတင်းစကားကို ကြည်နူးဖွယ် ကြားသိခဲ့ရသည်။

"ပန်းစွာကျေးရွာ ရေလှောင်တွင်း အကျိုးနဲ့ တစ်နှစ်သုံးသီး စိုက်ပျိုးကြမှာ ဖြစ်ပါတယ်။"
ဦးသန်းဝင်း
ပန်းစွာကျေးရွာဥက္ကဋ္ဌ။

လွန်ခဲ့သော ဇန်နဝါရီ၇ရက်က ဖြစ်ပါသည်။ ချင်းပြည်နယ် မင်းတပ်မြို့ဒေသ ဖွံ့ဖြိုးရေးသတင်းများ မျက်မြင်ကိုယ်တွေ့ လေ့လာပြီး အပြန်တွင် ပခုက္ကူမြို့ ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်လွင်က သတင်းစကားပါးလိုက်ခြင်းဖြစ်သည်။ ပခုက္ကူမြို့နှင့် ၄၃မိုင်အကွာ ပခုက္ကူ-မုံရွာ ကတ္တရာကားလမ်းမှ လေးမိုင်ခန့် မြေသားလမ်း အတိုင်းဝင်ခဲ့ရာ မြိုင်မြို့နယ် ပန်းစွာကျေးရွာသို့ ရောက်ရှိခဲ့သည်။

အသုံးပြု

သတင်းအဖွဲ့နှင့်အတူ လိုက်ပါလာသော ပခုက္ကူမြို့ ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးမှ ဦးစီးအရာရှိ ဦးမြတ်ဇော်သိန်း (မြို့ပြ)က လယ်ယာမြေသစ် ဖော်ထုတ်ရခြင်းကို ရှင်းပြရာ "မကွေးတိုင်း ပခုက္ကူခရိုင် မြိုင်မြို့နယ်တွင် ဒေသဖွံ့ဖြိုးတိုးတက်ရေး တောင်သူလယ်သမားများ အကျိုးစီးပွားအတွက် လယ်ယာမြေသစ် ဧက၁၁၀ဖော်ထုတ်ပေးရန် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ညွှန်ပြ

"ရေပေါပေါရတော့ ကျောင်းသားတွေ ကျန်းမာရေးအတွက် လက်ကို စင်စင်ဆေးလို့ ရပြီပေါ့။"
ဒေါ်ချိုမာ
ကျောင်းအုပ်ဆရာမကြီး
အလယ်တန်းကျောင်း(ခွဲ)
ပန်းစွာကျေးရွာ။

ခဲ့ပါကြောင်း၊ ပန်းစွာကျေးရွာ တောင်သူများမှာ သဲဆပ်ပြာကျင်းမြေများကို စပါးစိုက်ပျိုးနိုင်မည့် လယ်မြေများ ဖော်ထုတ်ပြုပြင်ရာတွင် ကျွဲ၊ နွားများ အသုံးပြုပြီး ခက်ခဲပင်ပန်းစွာ ကိုယ့်အားကိုယ်ကိုး ပြုလုပ်နေကြခြင်းကို သိရှိ၍ပင် ဖြစ်ပါကြောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ၂၀၀၉ခုနှစ် ဇွန် ၂၄ရက်မှ စတင်ကာ ပန်းစွာကျေးရွာမှ မြေ ၆၂ဧက၊ လှည်းခုတ်ကျေးရွာမှ မြေ၁၄ဧက၊ လင်းကတောကျေးရွာမှ မြေ၁၉ဧက စုစုပေါင်း ၈၉ဧကခြင်း လုပ်ငန်းများကို မြေတူးစက် နှစ်စီး၊ မြေသယ်ယာဉ် ကိုးစီး၊ မြေတူးတင်စက်တစ်စီးနှင့် မြေညှိစက်နှစ်စီးတို့ဖြင့် ဆောင်ရွက်ခဲ့ရာ ယခုအခါ လယ်ယာမြေသစ် ၈၉ဧက ဖော်ထုတ်နိုင်ခဲ့ပြီး မိုးစပါး၊ နွေစပါးနှင့် ဆောင်းသီးနှံတို့ကို တစ်နှစ်သုံးသီး စိုက်ပျိုးနိုင်ကြပြီဖြစ်ပါကြောင်း"ဖြင့် မြန်မာ့အလင်းသို့ ရှင်းပြသည်။

တို့ကို ပထမဆင့်အနေဖြင့် ဆားပေါက်အပေါ်ယံ မြေလွှာမြေများကို စက်ယန္တရားများဖြင့် ဖယ်ရှားထုတ်ပစ်ခဲ့ကြောင်း၊ ဖယ်ရှားပစ်လိုက်သော ဆားပေါက်မြေများအစား မြေဆွေးများကို အစားထိုးထည့်သွင်း ဖြန့်ညီပေးရကြောင်း၊ လိုအပ်သောမြေဆွေးများကို ပတ်ဝန်းကျင်ရေကန်ဟောင်းများမှ တူးဖော်ယူရကြောင်း၊ မြေများကိုလည်း မြေဆီလွှာ ဓာတ်ခွဲစမ်းသပ်ဌာနတွင် ဓာတ်ခွဲစမ်းသပ်ပြီးမှ ယူခြင်းဖြစ်ပါကြောင်း၊ ဆားပေါက်မြေ ဖယ်ရှားခြင်းနှင့် မြေဆီလွှာထည့်သွင်း

စပါးစိုက်ပျိုးနိုင်ရန် မြေရှိပြီးဖြစ်သော်လည်း စိုက်ပျိုးရေလိုအပ်လာသည်။ ပခုက္ကူ၊ ရေစကြို၊ မြိုင်မြို့တို့သည် အပူပိုင်း အညာဒေသ မိုးနည်းရေရှားသည်။ ဖော်ထုတ်ပြီးဖြစ်သော လယ်ယာမြေသစ် ၈၉ ဧကအတွက် လိုအပ်သော စိုက်ပျိုးရေကိုလည်း ဆည်မြောင်းဦးစီးဌာနနှင့် ဒေသခံများကပင် ကိုယ့်အားကိုယ်ကိုး ရေလှောင်တွင်းများ တူးဖော်ခဲ့ကြသည်။ မြိုင်မြို့နယ်အတွင်းက ရေလှောင်တွင်းများကလည်း အံ့သြဖွယ်ရာပင်။ အနက်ပေ ၁၂၀မှ ပေ၂၀၀အထိ



"ရေလှောင်တွင်း ၃၃တွင်းကို ဆက်ပြီး တူးပေးမှာ ဖြစ်ပါတယ်။"
ဦးမြတ်ဇော်သိန်း
ဦးစီးအရာရှိ
ဆည်မြောင်းဦးစီးဌာန
ပခုက္ကူမြို့။

သည်။ ရေလှောင်တွင်းမှ ထွက်ရှိသော ရေများကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးရာ ကမ္ဘာ့ စံနှုန်း သတ်မှတ်ချက် PH ၆ဒသမ ၅မှ ၈ဒသမ ၅ တန်ဖိုးရှိ၍ စိုက်ပျိုးရေ၊ သောက်သုံးရေအဖြစ် သုံးစွဲနိုင်သောအဆင့် ရှိနေသည်။

"တစ်ချိန်က ရေရှားဒေသ၌ ယခုအခါ ရေလှောင်တွင်းများ အကျိုးကျေးဇူးကြောင့် ရေပေါပေါများများ သုံးနိုင်ကြပြီ။" ဓာတ်ပုံမှတ်တမ်း- အောင်သန်း (မင်္ဂလာတောင်ညွန့်)

လောက်သာတူးဖော်လျှင် ရေစုပ်စက်မလိုဘဲ တစ်နာရီဂါလန်၁၀၀၀ကျော် အလိုအလျောက် ရေများ ပန်းထွက်နေသည်။

၎င်းသည်ကား သဘာဝကပေးသော လူသားတို့အတွက် လက်ဆောင်မွန်ပင် ဖြစ်

ရေလှောင်တွင်းပေါင်း ၂၀၀ တူးဖော်ရန် လျာထားသတ်မှတ်ရာ ယခုအခါ ၁၆၇တွင်း တူးဖော်ပြီးစီးနေပြီ ဖြစ်သည်။ လျာထားသတ်မှတ်ချက်ပြည့်မီရန် ကျန်ရေတွင်း ၃၃ တွင်းကို ပွင့်လင်းရာသီတွင် အပြီးတူးဖော်သွားမည်ဟု သိရသည်။

အလျှံပယ်

ပန်းစွာကျေးရွာ ဥက္ကဋ္ဌ ဦးသန်းဝင်းက "မိမိတို့ကျေးရွာတွင် အိမ်ခြေ၄၃၉ အိမ်ထောင်နှင့် လူဦးရေ ၂၈၀၀ကျော် ရှိပါကြောင်း၊ ဝမ်းစာစပါးစိုက်ပျိုးရန် မြေကိုလည်း ခက်ခက်ခဲခဲ ပြုပြင်ရပါကြောင်း၊ သဲဆပ်ပြာမြေများဖြစ်၍ ရေလောင်းထွန်နဲ့မွှေပြီး မြေများကို ခြစ်ထုတ်ဖယ်ရှားရကြောင်း၊ သုံးကြိမ်တိုင် ခက်ခဲပင်ပန်းစွာ ပြုလုပ်ရကြောင်း၊ ယခုမြေကို ဆည်မြောင်းဦးစီးဌာနက ပြုပြင်ပေးပြီး ရေကို ရေလှောင်တွင်းမှ အလျှံပယ်ရနေပြီဖြစ်၍ ပန်းစွာကျေးရွာသည် တစ်နှစ်သုံးသီး စိုက်ပျိုးနိုင်ပြီဖြစ်၍ တောင်သူတို့ဘဝ အေးချမ်းသာယာလာပြီဖြစ်ပါကြောင်း"ဝမ်းမြောက်စကားဆိုသည်။

ရပ်မိရပ်ဖ တောင်သူ ဦးသန်းအောင်ကလည်း "ပန်းစွာကျေးရွာက ရေလှောင်တွင်း အကျိုးနဲ့ စပါးအထွက် တိုးလာပြီဖြစ်ပါတယ်။ တစ်ဧကတင်း ၁၀၀လောက်ထွက်ပါတယ်။ နွေစပါးက ပိုထွက်တယ်၊ အခု သုံးလ(ပဲပင်ထောင်) စိုက်တယ်လေ။ ပြီးရင် နွေစပါးဆက်စိုက်မှာ၊ ပဲတွေကလည်း အောင်မြင်တယ်၊ ဈေးကောင်းလည်းရတယ်၊ တောင်သူတွေဝင်ငွေတိုးမှာ သေချာတာပေါ့ဗျာ။ အခုလည်း ပန်းစွာကျေးရွာ အလယ်တန်းကျောင်းခွဲကို ကိုယ့်အားကိုယ်ကိုး ရွာကဆောက်ကြတာ၊ ကျပ်သိန်း ၆၅၀ကုန်တယ်။ ၂၈ရက်တွင် ဖွင့်ပွဲလုပ်တော့မှာ။ ပန်းစွာကျေးရွာက ရေလှောင်တွင်း အကျိုးပေါ့ဗျာ"ဟု ရွှင်မြူးစွာ ပြောကြား၍ မုဒိတာပွားရပါသည်။

ကျန်းမာရေး

အလယ်တန်းကျောင်းခွဲ ကျောင်းအုပ်ဆရာမကြီးဒေါ်ချိုမာက "အရင်က ရေအလွန်ရှားတယ်၊ အခုကျောင်းထဲမှာ ရေလှောင်တွင်းနဲ့ ရေတွင်းတူးထားတယ်၊ ကျောင်းသားတွေ ကျန်းမာရေးအတွက် လက်ကို ရေစင်စင်ဆေးဖို့ ပူစရာမလိုတော့ဘူး၊ ရွာထဲက လူတွေတောင်၊ ကျောင်းရေတွင်းမှာ ရေလာခပ်ကြတယ်။ ကုသိုလ်ရတာပေါ့လေ"ဟု ပီတိစကားထပ်ဆင့်သည်။

ပန်းစွာကျေးရွာမှ ပြန်အထွက် ရေလှောင်တွင်းမှ အလျှံပယ်ထွက်ရှိနေသောရေများနှင့် ရေချိုးကာ မြူးထူးပျော်ပါးနေသော ကလေးငယ်များ၊ ရေသယ်ယူနေသော အမျိုးသမီးများကို တွေ့ခဲ့ရသည်။ ဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများ ပူးပေါင်းကြိုးဆောင်မှုဖြင့် သဘာဝကပေးသော လက်ဆောင်များကို အမိအရ ဆုပ်ကိုင်ထားနိုင်ခြင်းသည် နိုင်ငံတော်၏ စေတနာ အလှူတရား တစ်ခုပင် ဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာ မေးမြန်းရေးသား လိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

သုံးလစိုက်ရသော ကြားသီးနှံ (သုံးလ ပင်ထောင်ပဲ) ခင်းကြီးကလည်း ရေလှောင်တွင်းရေဖြင့် အောင်မြင်ဖြစ်ထွန်းနေသည်ကို ဤသို့တွေ့ရသည်။
ဓာတ်ပုံမှတ်တမ်း- အောင်သန်း (မင်္ဂလာတောင်ညွန့်)

စပါးစိုက်ပျိုးနိုင်ရန် လယ်မြေများကို မြေဆွေးများ အစားထိုးဖြန့်ကြဲပေးနေသည်မှာ....။
ဓာတ်ပုံမှတ်တမ်း- အောင်သန်း
(မင်္ဂလာတောင်ညွန့်)

ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အထက(၂) မိဘဆရာ အသင်း၏ ၂၀၀၉ - ၂၀၁၀ ပညာသင်နှစ် ဘက်စုံထူးချွန် ဆုပေးပွဲ အခမ်းအနားတွင် ကျောင်းအုပ် ဆရာမကြီး ဒေါ်မေလှရီက ၂၀၀၉ တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် တစ်နိုင်ငံလုံး စတုတ္ထဆုရ မောင်စိုင်းဖုန်းထဝီးဆိုင် အားဆုချီးမြှင့်စဉ်။
(ပညာရေး)

ရွှေနိုင်ငံသတင်းဂျာနယ် အတွဲ(၈)၊ အမှတ်(၁၈) ထွက်ပြီ

ရန်ကုန် ဖေဖော်ဝါရီ ၂

ဧရာဝတီတိုင်းမှ အမျိုးသားညီလာခံ ကိုယ်စားလှယ် ဦးသန်းထွန်းနှင့်တွေ့ဆုံဆွေးနွေးခြင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်သတင်းများ၊ နိုင်ငံတကာ စီးပွားရေးသတင်းများ၊ နိုင်ငံတကာသတင်းများ နွေရာသီမှာပွင့်သောပန်း(တင်တင်နွဲ့၊ ရန်ကုန်တက္ကသိုလ်)၊ မြတ်သည့်အလှူ ပြည်သူ့ရင်သွေးတို့အတွက် ပညာဒါနထာဝရ ကုသိုလ်တော်(ရဲဝံ့ကျော်စွာ)၊ ရွှေလက်တွဲ၍ ရွှေခရီးကိုလျှောက်၊ ရွှေနိုင်ငံကိုတည်ဆောက် (ဖေထွဏ်းဇော်-ရေစကြို)၊ မင်းမြတ်ကျစွာနှင့် ပုဂံရွှေနိုင်ငံတော်(လှမြင့်၊ ရန်ကုန်တက္ကသိုလ်)၊ ယခုတစ်ပတ်စာမျက်နှာပေါ် စန်းတင်လာသမျှ၊ ဘဝကံကောင်းရေးနှင့် အဆုံးအဖြတ် (မောင်ဝင်း၊ အညာမြေ)၊ ပြင်ချင်တယ်ဆိုသူများသို့(ဦးလှစိုး၊ အမျိုးသားညီလာခံကိုယ်စားလှယ်) စသည့် သတင်းဆောင်းပါးများ၊ ပြည်တွင်းသတင်းများ၊ ကဒူးမမှမော်ဖသို့(မောင်ဆွေသက်)၊ စာအုပ်မိတ်ဆက်ပွဲ ပြုလုပ်ခဲ့ခြင်း၊ ပြည်သူ့လွှတ်တော်နိုင်ငံရေးပါတီနှင့် ၂၀၁၀နိုင်ငံရေး အခင်းအကျင်းအတွက် အယ်ဒီတာ့အာဘော်တင်ပြချက်ပါဝင်သည့် ရွှေနိုင်ငံသတင်းဂျာနယ်ကို အသွင်သစ်၊ ကဏ္ဍသစ်များဖြင့်ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

ဂျာနယ်ဝယ်ယူရရှိနိုင်သော နေရာများမှာ ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ ဝါမိုးအောင်စာပေနှင့် ဗိုလ်တထောင်မြို့နယ် ၄၆လမ်းအရောင်းဆိုင်များ၊ တာမွေ ကျောက်မြောင်းဂျာနယ် ဥယျာဉ်ဆိုင်တို့တွင် ဝယ်ယူရရှိနိုင်ပြီး အနယ်နယ် အရပ်ရပ်မှ သတင်းပေးပို့လိုသူများနှင့် ဆက်သွယ်မှာယူလိုသူများအနေဖြင့် စာတည်းမှူးချုပ် ရွှေနိုင်ငံသတင်းဂျာနယ် အမှတ်(၈) ပန်းခြံတာဝါ ဒုတိယထပ် ဓမ္မစေတီလမ်းနှင့် ဗားကရာလမ်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၃၈၃၀၂သို့ ဆက်သွယ်နိုင်သည်။

(သတင်းစဉ်)

3-2 (10).pmd 1 2/3/2010, 1:22 AM

မန်စီးတီးအတွက် အဒမ်ဂျွန်ဆင်လာပြီ

ရေးသူ - မောင်မောင်မြင့်ဆွေ ➤ စာမျက်နှာဖွဲ့စည်းမှု - လှိုင်လှိုင်သင်း (မြန်မာ့အလင်း)

လန်ဒန် ဖေဖော်ဝါရီ ၂

ဇန်နဝါရီလ ဘောလုံးသမားအပြောင်းအရွှေ့ ဈေးကွက်ပိတ်ချိန် ပြီးဆုံးခဲ့ပြီ။ ပရီမီယာလိဂ်ထိပ်တန်း အသင်းကြီးများ နာမည်ကြီး ဘောလုံးသမားများကို မဝယ်ဖြစ်ခဲ့။ ထို့အတူ အသင်းမှ ရောင်းထုတ်ရန်စီစဉ်ထားသည့် ဘောလုံးသမားများကိုလည်း မရောင်းထုတ်ဖြစ်ခဲ့ချေ။ သို့သော် မန်စီးတီးတို့ကမူ ဇန်နဝါရီ ၃၁ရက် နောက်ဆုံးဈေးကွက်ပိတ်ချိန်၌ အင်္ဂလန် လူငယ်တောင်ပံကစားသမား အဒမ်ဂျွန်ဆင်ကို ရအောင်စွမ်းဆောင်နိုင်ခဲ့သည်။

မန်စီးတီးရောက် အဒမ်ဂျွန်ဆင်

၃၆ မိနစ်

မန်စီးတီးနည်းပြ မန်စီနီက ပရီမီယာလိဂ်ကို မပြောင်းရွှေ့ခင်ကတည်းက အင်္ဂလန် ၂၁နှစ်အောက် တောင်ပံကစားသမားဟောင်း အဒမ်ဂျွန်ဆင်ကို သဘောကျနေခဲ့သည်။ မန်စီးတီးသို့ နည်းပြအဖြစ်ရောက်ရှိပြီး မကြာမီအဒမ်ဂျွန်ဆင်ကိုဝယ်ယူရေး ကြိုးစားခဲ့သည်။ ဘောလုံးသမား ရွေးချယ်ဝယ်ယူမှု၌ စိတ်ကြိုက်ဖန်တီးခွင့် ရရှိထားသည့် မန်စီနီက အဒမ်ဂျွန်ဆင်ကို အပြီးသတ်စာချုပ်ချုပ်ဆိုဝယ်ယူချိန်သည် နောက်ဆုံးသတ်မှတ်ထားသည့် ဇန်နဝါရီ ၃၁ရက် ကုန်ဆုံးရန် ၃၆မိနစ်သာ ကျန်တော့သည့်အချိန်ဖြစ်သည်။

အံကိုက်ဖြစ်

ဆေးစစ်မှုများ အောင်မြင်ခဲ့ပြီး မန်စီးတီးဘောလုံးသမား ဖြစ်လာသည့် အဒမ်ဂျွန်ဆင်ကို ပရီမီယာလိဂ်ပွဲစဉ်များ၌ ပထမပွဲထွက်ကစားသမားအဖြစ် သတ်မှတ်ရန် နည်းပြမန်စီနီက စီစဉ်နေပြီဖြစ်သည်။ အဒမ်ဂျွန်ဆင်ကလည်း ပွဲတိုင်းကစားကာ အချိန်ပြည့်ခြေစွမ်းပြနိုင်အောင် ကြိုးစားလိုသည်ဖြစ်ရာ မန်စီးတီးနှင့် အံကိုက်ဖြစ်နေသည်။ တောင်ပံကစားသမားအားနည်းသော မန်စီးတီးအတွက်လည်း မှန်ကန်သည့် ဖြည့်ဆည်းမှု တစ်ရပ်ပင်ဖြစ်သည်။

အဒမ်ဂျွန်ဆင်

အသက် ၂၂ နှစ်အရွယ်ရှိ အဒမ်ဂျွန်ဆင်သည် မစ်ဒယ်ဘရော့အသင်းအတွက် ပြီးခဲ့သည့် ဘောလုံးရာသီ၌ ၂၅ပွဲ ကစားပေးခဲ့ပြီး ၁၁ဂိုး သွင်းယူပေးထားနိုင်သူဖြစ်သည်။ ပြေးအားကောင်းပြီး တောင်ပံတိုက်စစ်ဆင်မှု ထက်မြက်ကာ ကွင်းလယ်တိုက်စစ်မှုများကို ကောင်းကောင်းပံ့ပိုးပေးနိုင်သူဖြစ်သည်။ အမှားအယွင်းအနည်းဆုံး ကစားတတ်ပြီး ကြံသလိုဂိုးသွင်းယူနိုင်သူဖြစ်သည်။ မန်စီးတီးတို့ အဒမ်ဂျွန်ဆင်ကို ခေါ်ယူလိုက်ခြင်းသည် အသင်းအောင်မြင်မှုအတွက် မှန်ကန်သော ဆောင်ရွက်မှုတစ်ရပ်ဖြစ်သည်ဟု နည်းပြမန်စီနီက ပြောကြားသည်။

ပြောင်းရွှေ့ကြေး

အဒမ်ဂျွန်ဆင်ကို မန်စီးတီးက ဝယ်ယူခဲ့ရာတွင် ပြောင်းရွှေ့ကြေးအဖြစ် မိခင်ကလပ် မစ်ဒယ်ဘရော့ကို ပေါင်ရှစ်သန်းပေးခဲ့ရသည်။ မန်စီးတီးတို့က ပထမပိုင်းတွင် ပေါင်ခုနစ်သန်းသာ ပေးခဲ့သော်လည်း နောက်ပိုင်း၌ ပေါင်ရှစ်သန်းပေးကာ ဝယ်ယူခဲ့သည်။ စာချုပ်သက်တမ်းမှာ၂၀၁၄ခုနှစ်အထိ ဖြစ်သည်။

စိတ်ဝင်စား

အဒမ်ဂျွန်ဆင်ကိုခေါ်ယူရန် တောင်ပံကစားသမားအားနည်းနေသော မန်ယူနှင့် လီဗာပူးတို့က စိတ်ဝင်စားခဲ့ကြသည်။ မန်ယူက အန်ဒါဆင်ကို အငှားချရန် သို့မဟုတ်ရောင်းချရန် ပြင်သစ်ကလပ် ပီအက်စ်ဂျီနှင့် ဆွေးနွေးရာတွင် မအောင်မြင်ခဲ့ပေ။ အန်ဒါဆင်ကို ရောင်းချပြီးမှ အဒမ်ဂျွန်ဆင်ကို ဝယ်ယူရန် ပြင်ဆင်နေစဉ် မန်စီးတီးတို့က ရအောင်ဝယ်ယူသွားခဲ့ခြင်းဖြစ်၍ မန်ယူနှင့် လီဗာပူးတို့ လက်လျှော့ခဲ့ရသည်။

နောက်ဆုံးဝယ်ယူ

၂၀၁၀ခုနှစ် ဇန်နဝါရီ အပြောင်းအရွှေ့နောက်ဆုံးအချိန်၌ ဘောလုံးသမားဝယ်ယူမှုအဖြစ် မန်စီးတီးတို့မှတ်တမ်းဝင်ခဲ့သည်။ ဇန်နဝါရီလ ဘောလုံးသမားအပြောင်းအရွှေ့၌ ဈေးအများဆုံးအဖြစ် အဒမ်ဂျွန်ဆင်သတ်မှတ်ခံရသည်။ ပရီမီယာလိဂ်အသင်းများ၏ ဘောလုံးသမားအပြောင်းအရွှေ့ကား လှုပ်ခတ်နေဆဲပင်။ ။ **ကိုးကား-အင်တာနက်**

ရော်ဘီကိန်း ဆဲလ်တစ်နှင့် အငှားစာချုပ်

လန်ဒန် ဖေဖော်ဝါရီ ၂

စပါးတိုက်စစ်မှူး ရော်ဘီကိန်းအား ဆဲလ်တစ်က ရာသီကုန်သည်အထိ အငှားစာချုပ်လိုက်ပြီဖြစ်သည်။ အသက် ၂၉နှစ်ရှိ အိုင်ယာလန်ကစားသမား ရော်ဘီကိန်းအား ဆဲလ်တစ်ပရိသတ်များက ကြိုဆိုခဲ့ကြသည်။

အရန်ခုံ

ကိန်းသည် ယခုနှစ်ဘောလုံးရာသီတွင် စပါးအတွက် ၂၅ ပွဲ ကစားပေးနိုင်ခဲ့သည်။ သို့သော်လည်း မကြာမီက အရန်ခုံ၌ ထိုင်ရသည့်အခြေအနေသို့ ရောက်ရှိလာသည်။

တိုက်စစ်မှူး ရော်ဘီကိန်းသည် စပါးအတွက် ပွဲပေါင်း၁၀၀ ကစားခဲ့ပြီး ၄၁ဂိုး သွင်းယူပေးနိုင်ခဲ့သည်။ လက်ရှိတွင် အိုင်ယာလန်အသင်း၏ အသင်းခေါင်းဆောင်ဖြစ်သည်။ (အင်တာနက်)

ဥရောပမစ်ဒယ်ဝိတ်တန်းခါးပတ် မာဂီးအလဲထိုးရယူ

လန်ဒန် ဖေဖော်ဝါရီ ၂

အိုင်ယာလန်လက်ဝှေ့သမား ဘရိုင်ယန်မာဂီးနှင့် ဒိန်းမတ်လက်ဝှေ့ကျော် မက်လာဆင်တို့ ဗြိတိန်နိုင်ငံ အာဟွတ်၌ ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြရာ မာဂီးက ခုနစ်ချီတွင် အလဲထိုးပြီး ဥရောပမစ်ဒယ်ဝိတ်တန်း ချန်ပီယံခါးပတ်ကို ရယူနိုင်ခဲ့သည်။

မာဂီးက မက်လာဆင်အား ပဉ္စမအချီနှင့် ဆဋ္ဌမအချီတို့မှစပြီး အလဲထိုးခဲ့သည်။ မက်လာဆင်သည် သတ္တမအချီတွင် မာဂီး၏ ဝိုက်လက်သီးတစ်လုံး ပြင်းထန်စွာထိပြီး ပြန်မထနိုင်တော့ဘဲ လဲကျသွားသည်။ မာဂီးသည် ပြိုင်ပွဲတွင်အလဲထိုးနိုင်ခဲ့သဖြင့် ချန်ပီယံဆုခါးပတ်နှင့်အတူ ဆုကြေးငွေ ပေါင် ၂၇၀၀၀၀ ဆွတ်ခူးရရှိသွားသည်။ **(အင်တာနက်)**

တိုက်စစ်မှူးမက္ကာသီ ဝက်စ်ဟမ်းသို့ ရောက်ပြီ

လန်ဒန် ဖေဖော်ဝါရီ ၂

ဘလက်ဘန်းတိုက်စစ်မှူး ဘင်နီမက္ကာသီအား ဝက်စ်ဟမ်းက ခေါ်ယူစာချုပ်လိုက်ပြီဖြစ်သည်။ အသက် ၃၂နှစ်ရှိ တောင်အာဖရိကတိုက်စစ်မှူး မက္ကာသီအား ဝက်စ်ဟမ်းက ၂၀၁၂ခုနှစ်အထိစာချုပ်လိုက်ခြင်းဖြစ်သည်။လွန်ခဲ့သောငါးနှစ်ကပေါ်တူဂီကလပ် ပေါ်တိုမှ ဝက်စ်ဟမ်းသို့ ရောက်ရှိရန်ကြိုးစားခဲ့ကြောင်း မက္ကာသီ ထုတ်ဖော်ပြောကြားလိုက်သည်။ (အင်တာနက်)

ဩစတြေးလျအိုးပင်း ရော်ဂျာဖက်ဒဲယာ ဖလားဆွတ်ခူး

မဲလ်ဘုန်း ဖေဖော်ဝါရီ ၂

ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ကမ္ဘာ့နံပါတ်တစ် ရော်ဂျာဖက်ဒဲယာက ဗြိတိသျှ တင်းနစ်ကစားသမား အင်ဒီမာရေးကိုနိုင်ပြီး ၁၂လုံးမြောက် ဂရင်းဆလမ်ဖလားအဖြစ် ဆွတ်ခူးနိုင်ခဲ့သည်။

မျှော်လင့်ချက်

အသက် ၂၈နှစ်ရှိ ရော်ဂျာဖက်ဒဲယာသည် အင်ဒီမာရေးအား ၆-၃၊ ၆-၄၊ ၇-၆ (၁၃-၁၁)ဖြင့် အနိုင်ရလိုက်ခြင်းဖြစ်သည်။ အင်ဒီမာရေး၏ ရှုံးနိမ့်မှုသည် ၇၄နှစ်တာကာလအတွင်း ဗြိတိန်နိုင်ငံသားတစ်ဦးအနေဖြင့် ပထမဆုံးဂရင်းဆလမ်ဖလား ဆွတ်ခူးနိုင်ရေး မျှော်လင့်ချက်မှာ အဆုံးသတ်သွားခဲ့သည်။ **(အင်တာနက်)**

ကစားသမားသုံးဦး ဖူလ်ဟမ် ခေါ်ယူ

လန်ဒန် ဖေဖော်ဝါရီ ၂

ဇန်နဝါရီလ ကစားသမားအပြောင်းအရွှေ့ပိတ်ချိန်တွင် ရှီရေး၊ အိုကာကာနှင့် ဘွတ်ချ်မန်းတို့အား ဖူလ်ဟမ်က ခေါ်ယူလိုက်သည်။ ရှီရေး(ဝဲအစွန်)သည် အက်စ်တွန်ဗီလာ ဝဲနောက်တန်းကစားသမားဖြစ်ပြီး အိုကာကာ(လယ်**)မှာ ရီးမားတိုက်စစ်မှူးဖြစ်သည်။ ယင်းတို့အား ဖူလ်ဟမ်က နွေရာသီကုန်အထိ ခေါ်ယူခဲ့ခြင်း ဖြစ်သည်။ လီဗာပူးနောက်တန်းကစားသမား ဘွတ်ချ်မန်း(**ယာအစွန်**)ကို ၁၈လကြာအငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။**(အင်တာနက်)





မြင့်မောင်စိုး-စုစည်းသည်

အားကစားသတင်း အတိုအထွာ

အာကာကျော်-စုစည်းသည်

ဖာဘရီဂတ်စ် အာဆင်နယ်မှ ထွက်ခွာဖွယ်

အာဆင်နယ်ကွင်းလယ်ကစားသမားနှင့် အသင်းခေါင်းဆောင် ဖာဘရီဂတ်စ်သည် နွေရာသီတွင် ဘာစီလိုနာသို့ ပြောင်းရွှေ့ဖွယ်ရှိသည်။ အသက် ၂၂နှစ်ရှိ စပိန်နိုင်ငံသား ဖာဘရီဂတ်စ်သည် အာဆင်နယ်နှင့် ၂၀၁၃-၂၀၁၄ဘောလုံးရာသီကုန်ဆုံးသည်အထိ စာချုပ်ထားသည်။ ဖာဘရီဂတ်စ်သည် အာဆင်နယ်အသင်းနှင့်အတူ ဖလားဆွတ်ခူးနိုင်ရေး ရည်မှန်းချက်မပြည့်ဝ၍ အသင်းမှထွက်ခွာမည့် အရိပ်အယောင်ပြနေသည်။

အန်ဒါဆင်အား စိန့်ဂျာမိန်းခေါ်ယူလို

မန်ယူကွင်းလယ်ကစားသမား အန်ဒါဆင်အား ပဲရစ်စိန့်ဂျာမိန်းက ခေါ်ယူစာချုပ်ချုပ်ဆိုရန် ကမ်းလှမ်းထားပြီဖြစ်သည်။ သို့သော်လည်း ပြင်သစ်ကလပ်စိန့်ဂျာမိန်းက အန်ဒါဆင်အားပေးရမည့်လုပ်ခလစာအတွက် တွန့်ဆုတ်နေသည်။

အီဂျစ်ကစားသမား ဆန်းဒါးလန်းခေါ်ယူမှု မအောင်မြင်

အီဂျစ်တောင်ပံကစားသမား အာမက်အယ်မူဟာမက်အား ဆန်းဒါးလန်းက ခေါ်ယူရန် ကြိုးစားခဲ့မှုမှာ မအောင်မြင်ခဲ့ပေ။ ဆန်းဒါးလန်းက ပြောင်းရွှေ့ကြေး ပေါင်နှစ်သန်းသာပေးခဲ့သဖြင့် ၎င်း၏ အီးအင်နပီပီအိုင်ကလပ်က ငြင်းဆိုလိုက်သည်။

အင်္ဂလန်အသင်းခေါင်းဆောင်နေရာ တယ်ရီ မရေရာ

ချယ်လ်ဆီးနောက်တန်းကစားသမား ဂျွန်တယ်ရီသည် လာမည့် ၂၀၁၀ ကမ္ဘာ့ဖလားအတွက် အသင်းခေါင်းဆောင်အဖြစ် ကစားရမည်၊ မကစားရမည်မှာ မသေချာမရေရာဖြစ်နေသည်။ အင်္ဂလန်အသင်း၏ အသင်းခေါင်းဆောင်နေရာအတွက် စွန့်လွှတ်လိမ့်မည်မဟုတ်ကြောင်း ကာပယ်လိုအား ဂျွန်တယ်ရီက ပြောကြားလိုက်သည်။

ချယ်လ်ဆီးအား ပတ်ဂျီဆန် သတိပေး

မန်ယူအတွက် ပရီမီယာလိဂ်ဖလားဆွတ်ခူးနိုင်ရေးကြိုးပမ်းမှုသည် မည်သည့်အခါမှ လက်မြှောက် အရှုံးပေးလိမ့်မည်မဟုတ်ကြောင်း ကွင်းလယ်ကစားသမား ပတ်ဂျီဆန်က ချယ်လ်ဆီးကို သတိပေးလိုက်သည်။

လေးနှစ်ဆက်တိုက် ဖလားဆွတ်ခူးမည့်မန်ယူ

မန်ယူတို့ ပရီမီယာလိဂ်ဖလားကို လေးနှစ်ဆက်တိုက်ဆွတ်ခူးနိုင်မည့်အခြေအနေသို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ ဖလားဆွတ်ခူးရန်လည်း ယုံကြည်မှုအပြည့်အဝရှိနေကြောင်း တိုက်စစ်မှူး ရွန်နေက ပြောကြားလိုက်သည်။

ချယ်လ်ဆီး ပိုမိုတောင့်တင်းလာ

အာဖရိကနိုင်ငံများဖလားကစားနေရ၍ ပြိုင်ပွဲများနှင့်လွဲချော်ခဲ့သော ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာနှင့် ကာလူးတို့သည် ပရီမီယာလိဂ်တွင် ပြန်လည် ကစားနိုင်တော့မည်ဖြစ်သဖြင့် အသင်း၏တောင့်တင်းမှုမှာ ပိုမိုကောင်းမွန်လာလိမ့်မည်ဖြစ်ကြောင်း ကွင်းလယ်ကစားသမား လမ်းပတ်က ပြောကြားသည်။

မန်ယူ၌ နာနီအကောင်းဆုံး ကစားနိုင်ပြီ

ပြီးခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်(၂၄)တွင် ခြေစွမ်းပြကစားခဲ့သော ပေါ်တူဂီတောင်ပံကစားသမား နာနီက အကောင်းဆုံး ပြန်လည်ကစားနိုင်ပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ နာနီသည် ၂၀၀၇ခုနှစ်က မန်ယူသို့ ပေါင် ၁၇ဒသမ ၃သန်းဖြင့် ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

ဘရာဇီးတွင် ရော်ဘင်ဟို ရေရှည်ကစားသွားလို

ဘရာဇီးတိုက်စစ်မှူး ရော်ဘင်ဟိုသည် မကြာမီက မန်စီးတီးမှ ဘရာဇီးကလပ်ဆန်တို့စ်သို့ ခြောက်လကြာ အငှားသွားရောက်ကစားလျက်ရှိရာ ရေရှည်နေထိုင်ကစားသွားရန် မျှော်လင့်ထားသည်။

အင်ဒီမာရေး ကမ္ဘာ့နံပါတ်အဆင့်သုံးသို့ရောက်ရှိ

ဗြိတိသျှတင်းနစ်ကစားသမား အင်ဒီမာရေးသည် ဩစတြေးလျ အိုးပင်းတင်းနစ် ဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့ပြီးနောက် ကမ္ဘာ့တင်းနစ် အဆင့်သတ်မှတ်ချက်တွင် အဆင့်သုံးသို့ တက်လှမ်းနိုင်ခဲ့သည်။

မစ်ဒယ်ဘရော့တိုက်စစ်မှူးမီဒို ဝက်စ်ဟမ်း အငှားခေါ်ယူ

မစ်ဒယ်ဘရော့ တိုက်စစ်မှူးမီဒိုအား ဝက်စ်ဟမ်းက အငှားစာချုပ်ခေါ်ယူစာချုပ်လိုက်ပြီဖြစ်သည်။ မီဒိုသည် တစ်ပတ်လုပ်ခလစာ ပေါင် ၁၀၀၀ရရှိမည်ဖြစ်ရာ ပရီမီယာလိဂ်တွင် လုပ်ခအနည်းဆုံး ဘောလုံးသမားဖြစ်လာသည်။

ပို့စ်မောက်ဂိုးသမား ဘီဂိုဗစ်အား စတုတ်စီးတီးခေါ်ယူ

ပို့စ်မောက်ဂိုးသမား ဘီဂိုဗစ်အား ပြောင်းရွှေ့ကြေး ပေါင် ၃ဒသမ ၂၅သန်းဖြင့် စတုတ်စီးတီးက လေးနှစ်ခွဲစာချုပ်ဖြင့် ခေါ်ယူလိုက်ပြီဖြစ်သည်။

(အင်တာနက်)

မြန်မာ့အလင်း သတင်းပဒေသာအတိုအထွာ

ရန်ကုန် ဖေဖော်ဝါရီ ၂

လမ်းမတော် အထက(၂) မြတ်ဆရာပူဇော်ပွဲ

လမ်းမတော် အထက(၂) ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို မတ် ၂၈ရက်(တနင်္ဂနွေနေ့)တွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။

အထက(၄)ပုဇွန်တောင် မြတ်ဆရာပူဇော်မည်

၁၉၆၇ မှ ၁၉၈၇ ခုနှစ်အတွင်း အထက(၄) ပုဇွန်တောင်၌ ပညာသင်ကြားပေးခဲ့ကြသော ဆရာ ဆရာမကြီးများအား ကျောင်းသားဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို မတ်၂၈ရက်(အင်္ဂါနေ့) ညနေ ၃နာရီတွင် အဆိုပါကျောင်း၌ကျင်းပမည်ဖြစ်ရာ ဖုန်း-၇၁၀၇၁၄နှင့် ၂၉၂၁၈၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

အဏုဇီဝဗေဒအဖွဲ့ နှစ်ပတ်လည်စည်းဝေးမည်

မြန်မာနိုင်ငံဆရာဝန်အသင်း အဏုဇီဝဗေဒအဖွဲ့၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲတို့ကို ဖေဖော်ဝါရီ ၆ရက် (စနေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ အလုံမြို့နယ် သခင်မြပန်းခြံရှိ Western Park စားသောက်ဆိုင်၌ကျင်းပမည်ဖြစ်ရာ အသင်းသားများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

စာအုပ်အရောင်းပွဲ စာပေလောက၌ ခင်းကျင်းထား

စာချစ်သူများအတွက် အထူးဈေးနှုန်းများဖြင့် ဝယ်ယူဖတ်ရှုနိုင်ရန် မုံရွေးစာအုပ်တိုက်နှင့် စာပေလောက(၅)တို့ ပူးပေါင်းစီစဉ်သော စာအုပ်အရောင်းပွဲကို ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်ရှိ စာပေလောက(၅)၌ ဖေဖော်ဝါရီ ၅ရက်အထိ ခင်းကျင်းရောင်းချလျက်ရှိသည်။

အီလက်ထရွန်နစ်နှင့် ကွန်ပျူတာနည်းပညာပြပွဲကျင်းပ

မန္တလေးမြို့ မြို့တော်ခန်းမ၌ ပထမဆုံးအကြိမ်ကျင်းပသော အီလက်ထရွန်နစ်နှင့် ကွန်ပျူတာနည်းပညာပြပွဲတွင် ခေတ်မီအီလက်ထရွန်နစ်ပစ္စည်းအမျိုးမျိုး၊ ကွန်ပျူတာနည်းပညာများနှင့် ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများကို ဖေဖော်ဝါရီ ၃ရက်(ယနေ့) အထိ ခင်းကျင်းရောင်းချလျက်ရှိသည်။

ဒဂုံမြို့နယ် အထက(၁) မြတ်ဆရာပူဇော်မည်

၁၉၇၅မှ၂၀၀၉ခုနှစ်အထိ ဒဂုံမြို့နယ် အထက(၁)၌ တာဝန်ထမ်းဆောင်ခဲ့သော ဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို မတ် ၂၈ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်း ဒဂုံသီရိခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ရန် နှိုးဆော်ထားသည်။

မြဝတီမဂ္ဂဇင်း ဖေဖော်ဝါရီလထုတ်ထွက်ရှိ

ဖေဖော်ဝါရီလထုတ် မြဝတီမဂ္ဂဇင်းကို ကဗျာ၊ ကာတွန်း၊ ဆောင်းပါးများနှင့် ရသဖွဲ့ဝတ္ထုများဖြင့် ထုတ်ဝေထွက်ရှိနေပြီဖြစ်ရာ ဖုန်း-၃၇၁၂၄၄နှင့် ၅၅၉၂၇၃တို့သို့ ဆက်သွယ်ဝယ်ယူနိုင်သည်။

မြန်မာ့ကြံနှင့်သကြား နှီးနှောဖလှယ်ပွဲ

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြံသီးနှံလုပ်ငန်းဌာနနှင့် မြန်မာ့ကြံနှင့် ကြံထွက်ပစ္စည်း ကုန်သည်များနှင့် ထုတ်လုပ်သူများအသင်းတို့ ပူးပေါင်း၍ ကြံနှင့်သကြားလုပ်ငန်း ယှဉ်ပြိုင်စွမ်းအားမြင့်မားရေး နှီးနှောဖလှယ်ပွဲနှင့် အသင်းနှစ်ပတ်လည်ညီလာခံ အမှုဆောင်သစ်တိုးချဲ့ဖွဲ့စည်းရေး ညှိနှိုင်းအစည်းအဝေးကို နေပြည်တော် ဟိုတယ်ဇုန်ရှိ မြတ်တော်ဝင်ဟိုတယ်၌ ဖေဖော်ဝါရီ ၄ရက်နှင့် ၅ ရက်တွင် ကျင်းပမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင် ကြောင်းနှင့် ဖုန်း-၀၂-၅၃၄၉၄သို့ ဆက်သွယ်နိုင်သည်။

ကုန်သည်/စက်မှုလက်မှုအသင်း လိုဂိုပြိုင်ပွဲယှဉ်ပြိုင်နိုင်

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းကော်မတီ၏ စီမံခန့်ခွဲမှုအောက်၌ တည်ထောင်ဖွင့်လှစ်ထားသော UMFCCI Training Institute ကို ကိုယ်စားပြု၍ လိုဂို ဒီဇိုင်းပြိုင်ပွဲကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၂၆ရက် နောက်ဆုံးထားပို့နိုင်ပြီး ပြိုင်ပွဲဝင်လိုသူများ ဖုန်း-၂၁၄၃၄၄-၄၉ နှင့် ၂၁၇၂၁၀ တို့သို့ ဆက်သွယ်စုံစမ်း ယှဉ်ပြိုင်နိုင်သည်။

သမဝါယမဒီဂရီကောလိပ် ဒီပလိုမာသင်တန်းများတက်နိုင်

သမဝါယမဝန်ကြီးဌာန သမဝါယမဦးစီးဌာန ရန်ကုန်သမဝါယမဒီဂရီကောလိပ်၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဗဟိုဌာနမှ အင်္ဂလိပ်စာနှင့် ကွန်ပျူတာဒီပလိုမာ တစ်နှစ်သင်တန်းများကို မတ် ၁၃ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ တက်ရောက်လိုပါက ဖုန်း-၅၄၂၈၁၅ နှင့် ၅၅၉၁၇၃ တို့သို့ ဆက်သွယ်လျှောက်ထား တက်ရောက်နိုင်သည်။ ။ *(မြန်မာ့အလင်း)*

စုစည်းရေးသားသူ - ဝင်းကျော်

ကလေးသူငယ်ဖွံ့ဖြိုးရေးနှင့် ကာကွယ်စောင့်ရှောက်ရေး အလုပ်ရုံဆွေးနွေးပွဲ မှော်ဘီမြို့နယ်၌ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော ကလေးသူငယ်ဖွံ့ဖြိုးရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအလုပ်ရုံဆွေးနွေးပွဲကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၂၈ ရက် နံနက် ၁၀ နာရီက ကျင်းပရာ လူမှုဝန်ထမ်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင်ဇော်မိုးက အဖွင့်အမှာစကားပြောကြားသည်။ **(ယာပုံ)**

တက်ရောက်

ဆက်လက်၍ အခမ်းအနားတွင် လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်တိုင်းဦးစီးမှူး ဦးတင်မြင့်က လူမှုဝန်ထမ်းလုပ်ငန်း (၈)ရပ်ကိုလည်းကောင်း၊ တွဲဖက်တိုင်းဦးစီးမှူး ဦးဝင်းမောင်က ကမ္ဘာ့ကုလသမဂ္ဂဆိုင်ရာ ကလေးသူငယ် အခွင့်အရေးများ စာချုပ်ကိုလည်းကောင်း၊ လက်ထောက်တိုင်းဦးစီးမှူး ဦးအောင်လွင်က ကလေးသူငယ်ဥပဒေကို လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။ အခမ်းအနားသို့ ဖိတ်ကြားထားသော ဌာနဆိုင်ရာများ၊ ရပ်ကွက်နှင့် ကျေးရွာဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ကျေးလက်ရေရရှိရေး လက်နှိပ်တုံကင်တွင်းတူးဖော်

သာယာဝတီ ဖေဖော်ဝါရီ ၂

သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် အငယ်တန်းအင်ဂျင်နီယာ-၂ ဦးဝင်းဇော်ဦး တာဝန်ယူဆောင်ရွက်သည့် သစ်ရာကုန်းကျေးရွာတွင် တစ်လက်မခွဲ လက်နှိပ်တုံကင်တွင်း တူးဖော်ဆောင်ရွက်ပြီးစီးမှုကို ဇန်နဝါရီ ၅ရက်က အမှုဆောင်အရာရှိ ဦးအောင်အောင်ဖြိုး ကွင်းဆင်းကြီးကြပ် ဆောင်ရွက်သည်။

(မြို့နယ်စည်ပင်)

ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဟောပြောပွဲ အလုံ၌ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂

အလုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ (၆၃) နှစ်မြောက် ပြည်ထောင်စုနေ့အကြိုဂုဏ်ပြု နံရံကပ်စာစောင်နှင့် ဟောပြောပွဲကို ဇန်နဝါရီ ၁၉ ရက် နံနက် ၁၀ နာရီက အထက(၅)အလုံခန်းမ၌ ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစန်းလွင်ဦးက ပြည်ထောင်စုစိတ်ဓာတ်ထွန်းကားပြန့်ပွားရေးခေါင်းစဉ်ဖြင့် ဟောပြောပြီး **(အောက်ပုံ)** ကျောင်းအုပ်ဆရာကြီး ဦးဝင်းတင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ အခမ်းအနားတွင် မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

နယ်စပ်ကုန်သွယ်မှုမြှင့်တင်ရေးအစည်းအဝေး တာချီလိတ်မြို့နယ်၌ကျင်းပ

တာချီလိတ် ဖေဖော်ဝါရီ ၂

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန တာချီလိတ် နယ်စပ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးကို ဇန်နဝါရီ ၂၈ရက် နံနက် ၁၀နာရီက တာချီလိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးကျော်စွာထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကုန်သည်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းဆွေးနွေး

ရှေးဦးစွာ တာချီလိတ်နယ်စပ်ကုန်သွယ်ရေးစခန်းတာဝန်ခံ ညွှန်ကြားရေးမှူး ဦးအောင်ဝင်း၊ မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာနဦးစီးအရာရှိ ဦးငွေဝင်းတို့က လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ကုန်သည်များက လုပ်ငန်းဆိုင်ရာများ ဆွေးနွေးတင်ပြရာ စခန်းတာဝန်ခံက ပြန်လည်ရှင်းလင်း ဆွေးနွေးသည်။

(အပေါ်ပုံ) (ဝ၁၆)

သနပ်ပင်-မင်းရွာ ကျေးလက်ဂဝံလမ်း

သနပ်ပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့်ဆောင်ရွက်သည့် သနပ်ပင်-မင်းရွာကျေးလက်ဂဝံလမ်းပြီးစီးမှုကို ဇန်နဝါရီ ၁၈ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့် အဖွဲ့ စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်ဝေ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မီးကြွင်းမီးကျန် မရှိရန် ကျင့်ကြံသတိ အမြဲရှိ

ဆုချီးမြှင့်

သဃ်န်းကျွန်းမြို့နယ် အမက(၉)၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၂ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ဌေးက သူငယ်တန်း(က)မှ ပထမဆုရရှိသော မချောစုဟန်အား ဆုချီးမြှင့်စဉ်။

(မြန်မာ့အလင်း)

3-2 (12).pmd 1 2/3/2010, 1:22 AM

တစ်နှစ်ပြည့်မွေးနေ့ဆုတောင်း

၃-၂-၂၀၁၀ရက်မှာ ကျရောက်တဲ့ သားသားလေး ဆက်နိုင်လင်း(ခ)ဖိုးတီလုံးရဲ့ တစ်နှစ်ပြည့်မွေးနေ့မှသည် ဘိုးဘိုး၊ ဘွားဘွား၊ ဖေဖေ၊ မေမေတို့နှင့်အတူ နောင်နှစ်ပေါင်းများစွာတိုင် ပျော်ရွှင်ဖွယ်နေ့ရက်များကို ပိုင်ဆိုင်ပြီး မိဘကျေးဇူးသိတတ်သော၊ လိမ္မာယဉ်ကျေးသော၊ ထူးချွန်ထက်မြက်သော၊ နိုင်ငံ့အကျိုးသယ်ပိုးနိုင်သော သားကောင်းရတနာလေးတစ်ဦးဖြစ်ပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်-

- ချစ်ဘိုးဘိုး ဘွားဘွားများ-
  ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်)
  ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒေါက်တာဒေါ်ခင်ဆန်းနွယ်
- ဦးဝင်းမြင့်နှင့် ဒေါ်ခင်ဌေးဝင်း
- ချစ်ဖေဖေ မေမေ - ဗိုလ်ကြီးဇော်ဇော်နိုင်နှင့် ဒေါ်ခင်ဆွေရီ။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

စစ်ကိုင်းတိုင်း၊ ကောလင်းမြို့၊ ပြင်ဦးလွင်ရပ်ကွက်၊ ပလ-၁၄၄နေ
ဦးဝင်းမောင်-ဒေါ်ပုတို့၏သားကြီး၊ မသင်းသင်းနွယ်၏အစ်ကို

မောင်ကျော်မျိုးဝင်း

Final Year (B.M), 2nd Year (EC)., E.S. Group (Holding) Pte., Ltd.

(ခေတ္တ-စင်ကာပူ)

နှင့်

ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်၊ (၁)ရပ်ကွက်၊ ရန်ကင်းလမ်းသွယ်(၁၅)၊ တိုက် ၁၈၊ အခန်း ၁နေ
ဦးတင့်လှိုင်(မန်နေဂျာ၊မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း)-ဒေါ်ညိုညို(သမဝါယမဦးစီးဌာန၊ငြိမ်း)တို့၏သမီးကြီး

မရည်မွန်ဦး

B.A (Eco), M.Eco., Dip in Accounting L.C.C.I. (UK), C.A.T

ADC Construction Tradings Pte., Ltd.

(ခေတ္တ-စင်ကာပူ)

တို့သည် ၂၁-၁-၂၀၁၀ရက်တွင် ရန်ကင်းနေအိမ်၌ နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်မျိုးဝင်း-မရည်မွန်ဦး။









ကျိုက်ထီးရိုးဘုရားဖူးများသိစေရန်

၂၀၀၉ခုနှစ် ဒီဇင်ဘာလအတွင်းနှင့် ၂၀၁၀ခုနှစ် ဇန်နဝါရီ ၈ရက်တွင် ကျိုက်ထီးရိုးဘုရားသို့ လာရောက်သော ဘုရားဖူးပြည်သူများ မေ့ကျန်ရစ်ခဲ့သော ခရီးဆောင်အိတ်များ၊ ဆွဲခြင်းများ၊ ကင်မရာတစ်လုံး၊ ပိုက်ဆံပါ ပိုက်ဆံအိတ်သုံးလုံး၊ ငွေကျပ် ၅၀၀၀၀နှင့် လေယာဉ်လက်မှတ်စသည်များကို တောင်တက်မော်တော်ယာဉ်လုပ်သားများက ကျိုက်ထီးရိုးတောင်တက် မော်တော်ယာဉ် ဦးဆောင်ကော်မတီရုံးခန်းတွင် စနစ်တကျ လာရောက်အပ်နှံထားပါသည်။ သက်ဆိုင်ရာပိုင်ရှင်များ အထောက်အထား ပြောပြီး လာရောက်ယူနိုင်ပါသည်။

တောင်တက်ယာဉ်အသင်း
အမှုဆောင်ကော်မတီ
ဖုန်း-၀၉၈၇၀၂၉၉၄။

ဖခင်အမည်မှန်

နန်းမော်လီ ၁၂/လသန(နိုင်) ၀၀၅၅၅၀၏ ဖခင်အမည်မှန်မှာ ဦးပေါ်ထွမ်းဆိ(ခ) ဦးလောရှိ ဖြစ်ပါသည်။

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

သဲကုန်းမြို့နယ် ဆင်မြီးဆွဲအုပ်စု ရွာရှည်ရွာနေ(ဦးတင်ဝင်း)-ဒေါ်ကျင်သောင်းတို့၏ သမီး မမြင့်မြင့်မော် ၇/သကန(နိုင်) ၀၇၉၈၅၂သည် မိဘမောင်ဖွားများ ခွင့်မလွှတ်နိုင်သည့်ကိစ္စပြုလုပ်သွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။

မိခင်ဒေါ်ကျင်သောင်း
၇/သကန(နိုင်)၁၀၂၇၉၃။

မီးအစဉ်သတိပြု

အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်မော်ဘီ၌ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂

အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈နာရီက မော်ဘီမြို့နယ် အမှတ် (၃)ရပ်ကွက် နန်းဦးအားကစားကွင်း ရတနာလမ်းထိပ် မုခ်ဦး၌ကျင်းပသည်။

ဈေးရောင်းပွဲတော်ကို အမှတ်(၁)စက်မှုဝန်ကြီးဌာန မီးခံဘိလပ်မြေပြားစက်ရုံမှူး ဦးအေးသိုက်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စိုးလွင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ဝယ်ယူနိုင်

အဆိုပါဈေးရောင်းပွဲတော်တွင် မြန်မာ့အထည်အလိပ်လုပ်ငန်း၊ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း၊ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၊ မြန်မာ့စားသောက်ကုန်လုပ်ငန်းနှင့် မြန်မာ့အိမ်သုံးပစ္စည်းနှင့်ဆေးဝါးလုပ်ငန်းများမှထွက်ရှိသော ထုတ်ကုန်ပစ္စည်းများကို ဖေဖော်ဝါရီ ၂ရက်မှ ၈ရက်အထိ နံနက် ၈နာရီမှ ည ၈နာရီအတွင်း လွတ်လပ်စွာဝယ်ယူနိုင်ကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပွင့်ဖြူမြို့နယ် လှည်းကြီးကျေးရွာ အမက ပညာရေးစုံညီပွဲတော်ကျင်းပ

ပွင့်ဖြူ ဖေဖော်ဝါရီ ၂

၂၀၀၉-၂၀၁၀ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၈ရက် နံနက် ၉နာရီက မကွေးတိုင်း ပွင့်ဖြူမြို့နယ် အမှတ် (၁၁၇)အခြေခံပညာမူလတန်းကျောင်း လှည်းကြီးရွာ၌ကျင်းပရာ ပွင့်ဖြူမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်တင်တင်နွဲ့က အမှာစကားပြောကြားသည်။

ထို့နောက် မကွေးတိုင်း တိုင်းအဆင့်အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲ တတိယဆု၊ ပွင့်ဖြူမြို့နယ် ပညာရည်ချွန်ဘာသာစုံ ပထမဆု၊ လယ်ကိုင်းပညာရေး နယ်မြေပညာရည်ချွန် ဘာသာစုံပထမဆု၊ တစ်ဘာသာချင်း မြန်မာစာ၊ သိပ္ပံ၊ လူမှုရေး၊ ပထမဆုများနှင့် ကျောင်းအဆင့် လေးနှစ်ဆက်တိုက် ပထမဆုရရှိသူ စတုတ္ထတန်းမှ ကျောင်းသူ မခိုင်ဝတ်ရည်သော်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးနုခိုင်က ဆုချီးမြှင့်သည်။ **(မြို့နယ် ပြန်/ဆက်)**

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

မကွေးတိုင်းတရားရုံး

၂၀၀၉ ခုနှစ် တရားမဇာရီမှုအမှတ်-၂၂

မန်နေဂျာ	နှင့်	၁။ ဒေါ်ကွန့်
မြန်မာ့စီးပွားရေးဘဏ်		၂။ ဦးရန်အောင်သိန်း
ရေနံချောင်းမြို့။		၃။ ဒေါ်ရီရီမွန်
တရားနိုင်		**တရားရှုံးများ**

၂၀၀၇ခုနှစ် တရားမကြီးအမှုအမှတ်-၆၈တွင် စရိတ်များအပါအဝင် ငွေ ၂၀၁၅၉၉၈၈ကျပ် ၈၃ပြားအတွက် ရရှိခဲ့သော အနိုင်ဒီကရီအရ အောက်ပါပစ္စည်းများကို ၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၂၅ရက် (၁၃၇၁ ခုနှစ် တပေါင်းလဆန်း ၁၃ ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အချင်းဖြစ်အဆောက်အအုံရှေ့၌ လေလံတင် ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

ရေနံချောင်းမြို့၊ မြို့မမြောက်ရပ်၊ ဦးပိုင်အမှတ်(၉၂-စီ)၊ အကွက်/ကွင်းအမှတ် (၂/မြို့မမြောက်)၊ ဧရိယာ ဝ.ဒ၁သမ၀၁၆ဧကရှိမြေကွက်နှင့် ယင်းမြေပေါ်ရှိ (၃၀×၂၇×၂၀)ပေ သွပ်မိုး၊ ကိုးလက်မအုတ်ကာ၊ ကွန်ကရစ်/လျှာထိုးပျဉ်ခင်း၊ အုတ်ပတ်ကား နှစ်ထပ်တိုက်။ **ကြမ်းခင်းဈေး ကျပ်သိန်း ၁၀၀၀။**

ရောင်းချရန်စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိရသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။

(၂) လေလံရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင် ရောင်းချမည့်ရက်မတိုင်မီရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၀ခုနှစ် ဇန်နဝါရီ ၂၂ရက်တွင် ရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ခင်သင်းဝေ

တွဲဖက်တိုင်းတရားသူကြီး

မကွေးတိုင်းတရားရုံး၊ မကွေးမြို့။

ခင်သူဇာ

သူနာပြုအကူ/ဆေးဝါးကျွမ်းကျင်သင်တန်း

သင်တန်းဝင်ခွင့်ခေါ်ယူခြင်း(ဖေဖော်ဝါရီ ၉ ရက်စမည်။)

၉တန်းအောင်အနည်းဆုံး။ သင်တန်းဆင်းလက်မှတ်ပေးမည်။
အဆောင်/အလုပ် စီစဉ်ပေးမည်။

သူနာပြုအကူ	- သုံးလပြတ်(တစ်ပတ်နှစ်ရက်) - နှစ်လပြတ်(တစ်ပတ်ငါးရက်)	} ကျပ် ၄၅၀၀၀
ဆေးဝါးကျွမ်းကျင်	- တစ်လပြတ်(တစ်ပတ်နှစ်ရက်) ကျပ်၄၀၀၀၀	
အခြေခံဆေးဝါးပညာ	- တစ်လပြတ်အထူး(တစ်ပတ်တစ်ရက်)ကျပ်၂၀၀၀၀	
ဆက်သွယ်ရန်	- တိုက်(၄)၊ မြေညီ၊ Twin B၊ ဝေဇယန္တာအိမ်ရာ၊ သဃ်န်းကျွန်း၊ အသင်းတိုက်မှတ်တိုင်၊ ဖုန်း-၅၆၀၈၂၀။	



ပလင်းတန်ပွံ့ဖြိုးပို့ စာအုပ်စာပေလေ့လာစို့

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၄၈၈၄၇ ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဝင်းနိုင် ၉/မခန(နိုင်) ဝ၆၄၇၈ဝက ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊(ခရိုင်ရုံး)၊ မြင်းခြံမြို့။**

မော်တော်ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ခ/၉၃၀၂Nay Min P/u (၄×၂)R ယာဉ်လက်ဝယ်ရှိသူ ဦးတင့်ဝေ ၁၀/သဖရ(နိုင်) ဝ၆၃၉၇၃က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊(အရှေ့ပိုင်းခရိုင်ရုံး)၊ရန်ကုန်မြို့။

မော်လိုက်မြို့နယ် ပညာတန်ဆောင်စာကြည့်တိုက် အဆောက်အအုံသစ် ပန္နက်တင်

မော်လိုက် ဇန်နဝါရီ ၃၁

စစ်ကိုင်းတိုင်း မော်လိုက်ခရိုင် မော်လိုက်မြို့နယ် နားပင်ကျေးရွာအုပ်စု နားပင်ရွာ ပညာတန်ဆောင် စာကြည့်တိုက် အဆောက်အအုံသစ် ဆောက်လုပ်မည့်နေရာတွင် ပန္နက်တင် မင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၂၆ရက် မွန်းတည့် ၁၂နာရီက အဆိုပါ အဆောက်အအုံ မြေနေရာ၌ ကျင်းပရာ မော်လိုက်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရီရီရှိန်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်အောင်၊ နားပင်ကျေးရွာ ရပ်မိရပ်ဖများဖြစ်ကြသည့် ဦးအောင်စောနှင့် ဦးစံအေး၊ အခြေခံပညာမူလတန်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းအေး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ နယ်မြေမှူး အောင်ကိုလတ်တို့က စာကြည့်တိုက်ကို အုတ်မြစ်ချ ပန္နက်တင်ပေးကြသည်။**(ခရိုင် ပြန်/ဆက်)**

(၆၂)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြပွဲပြိုင်ပွဲ၊ စံပြမိခင်နှင့် လွတ်လပ်ရေးနေ့ မောင်မယ် ပြိုင်ပွဲကို ဇန်နဝါရီ ၄ရက်က ရေဦးမြို့၌ ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်မြင့်သူနှင့်အဖွဲ့က ပြိုင်ပွဲဝင် ကလေးများအား ဆုချီးမြှင့်စဉ်။

(မြို့နယ် ပြန်/ဆက်)

ဇန်နဝါရီ ၂၂ရက်က အမက(၉) သဃ်န်းကျွန်း၏ ၂၀၀၈-၂၀၀၉မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေး၊ ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာသင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို အဆိုပါကျောင်း၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ဌေးက မောင်သက်မောင်မောင်အား ပညာသင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်စဉ်။

(ပညာရေး)

မီးဘေးကြိုတင်ကာကွယ်ရေး ပြင်ဦးလွင်၌ သရုပ်ပြလေ့ကျင့်

ပြင်ဦးလွင် ဇန်နဝါရီ ၃၀

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ဆိုင်အမှတ် (ဝ၆၂၁)တို့ ပူးပေါင်းပြီး မီးငြိမ်းသတ်ခြင်းဆိုင်ရာ သရုပ်ပြလေ့ကျင့်ရေးပြုလုပ်ခြင်းကို ဇန်နဝါရီ ၂၀ရက်က အဆိုပါအရောင်းဆိုင်၌ ပြုလုပ်သည်။

လက်တွေ့သရုပ်ပြ

အခမ်းအနားသို့ ပြင်ဦးလွင်ခရိုင် မီးသတ်တပ်ဖွဲ့ဦးစီးအရာရှိ ဦးထွန်းထွန်းစိုး၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးမိုးဆွေနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ဆိုင်အမှတ်(ဝ၆၂၁) မန်နေဂျာဦးသိန်းညွန့်၊ ဒုတိယမန်နေဂျာ ဦးကျော်သိန်းနှင့် ဆိုင်ဝန်ထမ်းများတက်ရောက်ပြီး ခရိုင်မီးသတ်တပ်ဖွဲ့ ဦးစီးအရာရှိ ဦးထွန်းထွန်းစိုးက အရေးပေါ်မီးသတ်ဆေးဘူး အသုံးပြုနည်းနှင့် လက်တွေ့မီးငြိမ်းသတ်နည်းများကို သရုပ်ပြသခဲ့သည်။ **(ဝဲပုံ)** **(ဝ၈၈)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

✳ VOA, BBC - ရန်တိုက်ပေးနေသည်။
✳ RFA, DVB - သွေးထိုးနေသည်။
✳ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။
✳ နားမယောင်လေနဲ့ သတိထား။

ကားနှင့် ရထားပါ ခုတ်မောင်းသွားလာနိုင်တော့မည့် ရေဝတီတံတား (ညောင်တုန်း)

နေပြည်တော် ဖေဖော်ဝါရီ ၂

နိုင်ငံတော်အစိုးရသည် အနာဂတ်နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် ရေရှည်အကျိုးမျှော်ကိုးပြီး ပြည်ထောင်စုကြီး၏ ဒေသအသီးသီးအား မြန်မြန်ဆန်ဆန်နှင့် မျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ပြည်နယ်နှင့်တိုင်း အသီးသီးတို့တွင် ၁၉၈၈ခုနှစ်မှ ယနေ့အထိ လမ်းမိုင်ပေါင်း ၄၁၇၀၀ကျော်နှင့် မြစ်ကူးတံတားများ ပေ ၁၈၀၀အထက် ၂၃၃စင်း တည်ဆောက်ထားပြီး တည်ဆောက်ဆဲ ၂၁စင်းနှင့် တည်ဆောက်ရန် လျာထားပြီးဖြစ်သည့် တံတားခုနစ်စင်း၊ ပေ ၁၈၀၀ အောက် တံတားပေါင်း ၂၉၁၃စင်းတို့အပြင် ရထားလမ်းတံတား ၅၅စင်းတို့ကို တည်ဆောက်ထားပြီးဖြစ်သည်။ *စာမျက်နှာ ၉ ကော်လံ ၂* ❐

ဘိုးပိုင်တူးဖော်

ရေဝတီတံတား (ညောင်တုန်း) တည်ဆောက်ရေးစီမံကိန်းတွင် ပုသိမ်ဘက်ကမ်း၌ ဘိုးပိုင်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေသည်ကို ဤသို့တွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း-မိုးမြင့်လှိုင်

သတင်းဆောင်းပါး - ခရမ်းစိုးမြင့်
ဓာတ်ပုံမှတ်တမ်း - မိုးမြင့်လှိုင်
စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင် (မြန်မာ့အလင်း)

ရေဝတီတံတား (ညောင်တုန်း) တည်ဆောက်ရေးစီမံကိန်းတွင် တံတားတိုင်များ ကွန်ကရစ်လောင်းရန် သံခြင်းများ ချနေသည်ကို ဤသို့ တွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း-မိုးမြင့်လှိုင်